# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၁၆) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) နိုင်ငံအဝန်းရှိ တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများ ဈေးကောင်းရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ခိုင်မာသော နိုင်ငံခြားဈေးကွက်ရှာဖွေပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) ရှမ်းပြည်နယ်၏ ဒေသထွက်စိုက်ပျိုးသီးနှံကုန်စည်များ ဈေးနှုန်းကျဆင်းနေရခြင်း၊ အရောင်းအဝယ်မဖြစ်ဘဲ ပြည်တွင်းပြည်ပဈေးကွက်ပျောက်နေခြင်းများ ကြုံတွေ့နေရသည့်အတွက် မည်ကဲ့သို့အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် အသေးစားစက်မှုလုပ်ငန်းရှင်များ ဆက်လက်ရပ်တည်နိုင်ရေးတို့အတွက် မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၈ | (ဂ) တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်ကြား သစ္စာလမ်းမကြီးတွင်ရှိသော မီးရထားလမ်းနှင့် မော်တော်ယာဉ်လမ်းဆုံနေရာတွင် ကားရှုပ်ထွေးမှုများ အလွန်ဖြစ်ပေါ်နေသဖြင့် ခုံးကျော်တံတားတစ်ခု တည်ဆောက်ပေးရန် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၉ | (ဃ) မကွေးမြို့လေဆိပ်ကို ခရီးသည်တင်လေယာဉ်များ ဆင်းသက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | (င) တရားမဝင်ဂြိုလ်တုစလောင်းနှင့် ရုပ်သံဖမ်းစက်များကို ဥပဒေနှင့်အညီ နည်းလမ်းတကျ အခွန်အခကောက်ခံနိုင်ရေးနှင့် လိုအပ်သလို အရေးယူပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |

| | | |
|---|---|---|
| ၁၁ | (စ) ရသေ့တောင်မြို့နယ်၊ အုတ်ဖို(ခ)အိုးဖောက်ကျေးရွာ၌ သဘော်ဆိပ်ခံ တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |
| ၁၂ | ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၂၃ |
| ၁၃ | ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက် ရယူခြင်း | ၄၇ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၈ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၁၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၆-၆-၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **နိုင်ငံအဝန်းရှိ တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများ ဈေးကောင်းရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ခိုင်မာသော နိုင်ငံခြားဈေးကွက် ရှာဖွေပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်၏ ဒေသထွက် စိုက်ပျိုးသီးနှံကုန်စည်များ ဈေးနှုန်းကျဆင်းနေခြင်း၊ အရောင်းအဝယ် မဖြစ်ဘဲ ပြည်တွင်းပြည်ပ ဈေးကွက်ပျောက်နေခြင်းများ ကြုံတွေ့နေရသည့်အတွက် မည်ကဲ့သို့ အစီအစဉ်များ ချမှတ်ဆောင်ရွက်**

**ပေးမည်ကို သိလိုခြင်းနှင့် အသေးစား စက်မှုလုပ်ငန်းရှင်များ ဆက်လက် ရပ်တည်နိုင်ရေးတို့အတွက် မည်ကဲ့သို့ ကူညီဆောင်ရွက် ပေးနိုင်မည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပ မြို့နယ်နှင့် ရန်ကင်းမြို့နယ်ကြား သစ္စာလမ်းမကြီးတွင်ရှိသော မီးရထားလမ်းနှင့် မော်တော်ယာဉ်လမ်းဆုံနေရာတွင် ကားရှုပ်ထွေးမှုများ အလွန်ဖြစ်ပေါ်နေပါသဖြင့် ခုံးကျော်တံတားတစ်ခု တည်ဆောက် ပေးရန် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၏ **မကွေးမြို့ လေဆိပ်ကို ခရီးသည်တင် လေယာဉ်များ ဆင်းသက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်ဝင်း၊ လမ်းမတော် မဲဆန္ဒနယ်၏ **တရားမဝင် ဂြိုလ်တု စလောင်းနှင့် ရုပ်သံဖမ်းစက်များကို ဥပဒေနှင့်အညီ နည်းလမ်း တကျ အခွန်အခကောက်ခံနိုင်ရေးနှင့် လိုအပ်သလို အရေးယူပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ အုတ်ဖိုး(ခ)အိုးဖောက်ကျေးရွာ၌ သင်္ဘောဆိပ်ခံတံတား တည်ဆောက် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနန်မွန်ထင်၊ မချမ်းဘော မဲဆန္ဒနယ်၊

(ခ) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၊

(ဂ) ဦးဝင်းထူး၊ နမ့်ဆန် မဲဆန္ဒနယ်၊

(ဃ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(င) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(စ) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၊

(ဆ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၊

(ဇ) ဦးလုံဂျုံဆန်မိုင်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၊

(ဈ) ဦးစိုးငွေ၊ ကော့ကရိတ် မဲဆန္ဒနယ်၊

(ည) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၊

(ဋ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

၇။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## (၁၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၀၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၀၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၁ ရက်၊

(၂) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၃) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၄) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)သောင်းထွန်း ခွင့် ၁ ရက်၊

(၅) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၆) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၇) မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ခွင့် ၁ ရက်၊

(၈) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊

(၉) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်လင်းလင်းကျော် ခွင့် ၁ ရက်နှင့်

(၁၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံအဝန်းရှိ တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများ ဈေးကောင်းရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ခိုင်မာသောနိုင်ငံခြားဈေးကွက်ရှာဖွေပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးပဲ ကာယသုခ၊ စိတ္တသုခနှစ်ဖြာပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဖြစ်ပါတယ်။ နိုင်ငံအဝန်းရှိ တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများ ဈေးကောင်းရရှိရေးနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါ။ ကျွန်တော်တို့နိုင်ငံမှာ တောင်သူတွေရဲ့ထွက်ကုန်သီးနှံတွေ ဈေးကွက်ပေါ်လိုက်၊ ပျောက်လိုက်၊ ဈေးနှုန်းတွေတက်လိုက်၊ ကျလိုက်၊ တည်ငြိမ်ခိုင်မာတဲ့ဈေးကွက်မရှိမှုကြောင့် တောင်သူတွေဟာ ဆုံးရှုံးနစ်နာမှုတွေ တွေ့ကြုံနေကြပါတယ်။ တောဆူမှမြို့ဝဆိုတဲ့ ဆိုရိုးစကားလည်းရှိပါတယ်။ ကျေးလက်တောင်သူတွေ ဆူဖြိုးမှမြို့ပြလည်း သာယာဝပြောမယ်လို့ဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူတွေရဲ့ဘဝဟာ စိန်ခေါ်မှုမျိုးစုံရင်ဆိုင်နေရပါတယ်။ ရာသီဥတုဖောက်ပြန်လို့၊ ပိုးမွှားကျရောက်လို့၊ သဘာဝဘေးတွေဖျက်ဆီးလို့၊ အရင်းအနှီးချို့တဲ့လို့၊ နည်းပညာချို့တဲ့လို့စတဲ့အကြောင်းအမျိုးမျိုး၊ ပြဿနာအဖုံဖုံ တွေ့ကြုံနေကြရပါတယ်။ အခက်အခဲအကျပ်အတည်းအမျိုးမျိုးကြားက ချွေးနည်းစာလေးရလာပြန်တော့ ဈေးနှုန်းတွေကျနေလို့ ခဲလေသမျှသဲရေကျ အရှုံးနဲ့ရင်ဆိုင်ကြရပြန်ပါတယ်။ စပါးပေါ်ချိန်မှာ စပါးဈေးတွေကျတယ်။ ပဲပေါ်ချိန်မှာ ပဲဈေးတွေကျတယ်။ ခရမ်းချဉ်သီးပေါ်ချိန်မှာ ခရမ်းချဉ်သီးဈေးတွေကျတယ်။ အခု နှမ်းပေါ်ချိန်မှာ နှမ်းဈေးတွေကျနေလို့ တောင်သူတွေအခက်တွေ့နေကြပြန်ပါတယ်။ ခေတ်အဆက်ဆက် အဖိခံ၊ အနှိမ်ခံဘဝနဲ့ နွားနဲ့ယှဉ်ရုန်းရင်း ဆင်းရဲတွင်းနွံထဲ နစ်ပြီးရင်းနစ်နေရတဲ့ ကျွန်တော်တို့တိုင်းပြည်ရဲ့ကျေးဇူးရှင်ကြီးတွေရဲ့ဘဝကို ကျွန်တော်တို့ပြည်သူ့အစိုးရက ဆင်းရဲတွင်းနွံထဲက ဖေးမ၊ တွဲကူ၊ ဆယ်ယူကြရမှာဖြစ်ပါ

တယ်။ ဂျပန်အစိုးရဟာ သူ့နိုင်ငံတောင်သူတွေရဲ့ ထွက်ကုန်သီးနှံတွေ အကျိုးအမြတ်ရစေဖို့ ဈေးနှုန်းချိုသာစွာ ဝင်ရောက်လာမယ့် ပြည်ပသီးနှံတွေကို၊ သွင်းကုန်တွေကို အခွန်အကောက် တိုးမြှင့်ခြင်း၊ ဥပဒေပြဋ္ဌာန်းတားမြစ်ခြင်းတွေနဲ့ ကာကွယ်စောင့်ရှောက်ပြီးတော့ သူ့နိုင်ငံတောင်သူ လယ်သမားတွေရဲ့အကျိုးကို ကူညီဆောင်ရွက်ပါတယ်။

ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) ပုဒ်မ ၂၃ ပုဒ်မခွဲ(ခ)မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများကို သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်လို့ ပါရှိပါတယ်။ ဒါကြောင့် တောင်သူတွေရဲ့ထွက်ကုန်သီးနှံတွေ ဈေးကောင်းရရှိစေဖို့ ဈေးကွက်တစ်ခုကိုသာ မှီခိုအားထားမနေဘဲ ပိုမိုကျယ်ပြန့်တဲ့၊ ပိုမိုခိုင်မာတဲ့၊ ပိုမို အကျိုးရှိမယ့်ဈေးကွက်များနဲ့ ချိတ်ဆက်ရောင်းဝယ်ဖို့လိုပါတယ်။ ဒါကြောင့်ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံအဝန်းရှိ တောင်သူလယ်သမားများ၏ ထွက်ကုန်သီးနှံများ ဈေးကောင်းရရှိရေး အတွက် နိုင်ငံတော်အစိုးရမှ ခိုင်မာသောနိုင်ငံခြားဈေးကွက် ရှာဖွေပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်ကဲ့သို့ဆောင်ရွက်ထားသည်ကိုသိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆန္ဒပြုပါတယ်။ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နိုင်ငံအဝန်းရှိ တောင်သူလယ်သမားများရဲ့ ထွက်ကုန်သီးနှံများ ဈေးကောင်းရရှိနိုင်ရေးမှာ သတင်းအချက်အလက်ရရှိနိုင်ရေးဟာ အရေးကြီးတဲ့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ လယ်ယာထွက်ကုန်သီးနှံများရဲ့ နေ့စဉ်ကုန်စည်ဒိုင်ပေါက်ဈေးများ၊ နိုင်ငံတကာ

ပေါက်ဈေးများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်များတွင်လည်းကောင်း၊ FM ရေဒီယို အစီအစဉ်များတွင်လည်းကောင်း၊ Commerce Journal အပါအဝင် ဂျာနယ်၊ စာစောင်များတွင် လည်းကောင်း ဖော်ပြပေးလျက်ရှိသည့်အပြင် ဝန်ကြီးဌာနရဲ့ Website များဖြစ်တဲ့ Commerce Website, Myanmar Trade Website, Trade Promotion Website စတဲ့ Website များမှာ လည်း ထည့်သွင်းဖော်ပြပေးလျက်ရှိပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်များမှာ ပို့ကုန်ပိုမိုမြှင့်တင်နိုင်အောင် မြန်မာ့ကုန်သွယ်မှုဗဟိုဌာန ၁၂ ခုကို ဖွင့်လှစ်ထားရှိတဲ့အပြင် တောင်သူများရဲ့ထုတ်ကုန်များ ဈေးနှုန်းမှန်ကန်စွာရရှိနိုင်ရေးအတွက် ထုတ်ကုန်ရောင်းချသူအသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဇုန်များကို တိုးချဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ (၈)ကြိမ်မြောက် ကမ္ဘာ့ဆန်စပါးညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီးနောက်မှာ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ဆန်ဈေးကွက်သို့ ပြန်လည်ချိတ်ဆက်နိုင်ခဲ့ပြီး EU နိုင်ငံများ၊ အာဖရိကနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၃ နိုင်ငံသို့ ဈေးကွက်များရရှိခဲ့တဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်း ဆန်တန်ချိန် ၁.၇၄ သန်းအထိ တိုးချဲ့တင်ပို့နိုင်ခဲ့ပါတယ်။ ဆန်စပါးများပိုမိုတင်ပို့နိုင်ရန်ရည်ရွယ်ပြီး TRT Myanmar Rice Network 2017 ရဲ့ ပထမဆုံး အကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ ဧပြီလအတွင်း ကျင်းပနိုင်ခဲ့ပါတယ်။

နှမ်းမျိုးစုံတင်ပို့မှုမှာလည်း ယခင်က တရုတ်နိုင်ငံကိုသာ အားထားတင်ပို့နေရာကနေ ယခု ဘဏ္ဍာရေးနှစ်အတွင်း တရုတ်နိုင်ငံအပြင် ကိုရီးယားသမ္မတနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံသို့ ဈေးကွက်ကိုချဲ့ထွင်နိုင်ခဲ့ပါတယ်။ ဥရောပသမဂ္ဂဝင်နိုင်ငံများသို့ ပဲတင်ပို့ရာမှာရရှိထားတဲ့ ဈေးကွက်ခိုင်မာရေးနှင့် ဈေးကွက်အသစ်များ တိုးတက်ရရှိနိုင်စေရန် EU စစ်ဆေးရေးအဖွဲ့ (EU Audit)နှင့်ပူးပေါင်း၍ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းစဉ်များအား EU လက်ခံ နိုင်တဲ့အဆင့်ရောက်ရှိရန် ရှေ့ပြေးစမ်းသပ်စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့ကျင့်ကောင်းများ(GAP)ကိုပညာပေးခြင်းနှင့် ဒေသရေမြေနှင့် ကိုက်ညီတဲ့စိုက်ပျိုးနည်းစနစ် များ၊ သီးနှံပုံစံ(Cropping Pattern)များ ဖြစ်ပေါ်စေရေးတို့ကို တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးထွက်ကုန်များမှာ ဓာတုဗေဒပစ္စည်းများ၊ ပိုးမွှားများကင်းစင် ရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းစင်ရေးအတွက် ဓာတ်ခွဲစမ်းသပ်မှုများကိုလည်း ဆောင်ရွက် ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲများရဲ့ ပြည်ပခရီးစဉ်နဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်

ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများရဲ့ခရီးစဉ်များမှာ ပို့ကုန်တင်ပို့ရေးဆွေးနွေးညှိနှိုင်းခြင်းကို ဆောင်ရွက်လျက်ရှိတဲ့အပြင် ကုန်သွယ်လုပ်ငန်းရှင်အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်အနေဖြင့်လည်းကောင်း၊ မိမိတို့ရဲ့အဆက်အသွယ်များဖြင့် ပို့ကုန်ဈေးကွက်များရရှိအောင် ဆောင်ရွက်လျက်ရှိကြပါတယ်။ ထို့အပြင် ထိုင်း၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနဲ့ ကုန်သွယ်ရေး ပူးတွဲကော်မရှင်များထူထောင်ထားရှိပြီး ယင်းကော်မရှင်များနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေးများမှာ လယ်ယာထွက်ကုန်သီးနှံများအပြင် ပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးမှာအဓိကကျတဲ့ နိုင်ငံကိုးနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှာ စီပွားရေးသံမှူးများခန့်ထားပြီး မြန်မာပို့ကုန်များ ပြည်ပကုန်သည်များနှင့်ချိတ်ဆက်နိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာ ဈေးကွက်သတင်းအချက်အလက်များ ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပကုန်စည်ပြပွဲများတွင်လည်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အနေနဲ့ ဦးဆောင်ပါဝင်လျက်ရှိပါတယ်။ အထက်ပါဆောင်ရွက်မှုများကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လယ်ယာထွက်ပစ္စည်း တန်ချိန် ၆.၄၉ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၉၂၈ သန်းကျော်ကို တင်ပို့နိုင်ခဲ့ပါတယ်။

ပြည်ပပို့ကုန်တင်ပို့ရာမှာ အဓိကပို့ကုန်တစ်ခုဖြစ်တဲ့ သဘာဝဓာတ်ငွေ့ဟာ နိုင်ငံတကာဈေးနှုန်းကျဆင်းခြင်း၊ ထုတ်လုပ်မှုလျော့နည်းခြင်းတို့ကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထက် အမေရိကန်ဒေါ်လာ ၁.၄ ဘီလီယံခန့် လျော့နည်းတင်ပို့နိုင်ခဲ့သော်လည်းပဲ လယ်ယာကုန်ထွက်ပစ္စည်းများ၊ CMP အထည်ချုပ်လုပ်ငန်းများ၊ Re-Export များမှာ ပို့ကုန်ပိုမိုတိုးတက်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယမန်နှစ်ကထက် အမေရိကန်ဒေါ်လာ သန်း ၈၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယင်းသို့ ပို့ကုန်ဈေးကွက်များ ပိုမိုရရှိလာသော်လည်း မြန်မာနိုင်ငံမှထွက်ရှိသော လယ်ယာထွက်ကုန်များဟာ တစ်ဇကေအထွက်နှုန်း နိမ့်ကျခြင်း၊ ထုတ်လုပ်မှုစရိတ်မြင့်မားနေခြင်း၊ ကုန်ပစ္စည်းအရည်အသွေးလျော့နည်းနေခြင်း၊ ဝယ်ယူသိုလှောင်၊ သယ်ယူပို့ဆောင်ဖြန့်ဖြူးရောင်းချစရိတ်(Logistic Cost)ကြီးမားနေခြင်း၊ တင်ပို့ချိန်တွင် ဈေးကွက်လိုအပ်ချက်အတိုင်း အချိန်မီတင်ပို့နိုင်စွမ်းနည်းပါးခြင်းစတဲ့ စိန်ခေါ်မှုတွေနဲ့ရင်ဆိုင်နေရပါတယ်။ ဒါ့အပြင် လယ်ယာထွက်ကုန်များဟာ အိမ်နီးချင်းနိုင်ငံနှစ်ခု၊ သုံးခုရဲ့ဈေးကွက်ပေါ်မှာသာ မှီခိုနေရတဲ့ ယင်းနိုင်ငံများရဲ့ဈေးကွက်နှင့် အခြားအကြောင်းအရာများ ပြောင်းလဲလာပါက မြန်မာနိုင်ငံရဲ့ပို့ကုန်လုပ်ငန်းကို များစွာထိခိုက်စေပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာပို့ကုန်ဈေးကွက် တိုးချဲ့နိုင်ရေးအတွက် ပို့ကုန်ယှဉ်ပြိုင်မှုအားကောင်းလာရန်မှာ အဓိကအားဖြင့်

လယ်ယာကဏ္ဍမှာ ငွေကြေး၊ အရင်းအနှီး၊ နည်းပညာနဲ့အခြားအထောက်အပံ့ပြုပြင်ပြောင်းလဲမှုများ အထူးလိုအပ်လျက်ရှိပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြရပါက မြန်မာနိုင်ငံရဲ့ခိုင်မာသော ပြည်ပဈေးကွက်ရရှိရေးအတွက် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်အောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး နှစ်လတ်လုပ်ငန်းအစီအစဉ်ကို မဏ္ဍိုင်ငါးရပ်နဲ့ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါတယ်။ ယင်းအစီအစဉ်များမှာ တောင်သူလယ်သမားများနှင့် ပို့ကုန် လုပ်ငန်းရှင်များ ပိုမိုပူးပေါင်းပါဝင်လာတာနဲ့အမျှ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးသီးနှံများ ဈေးကွက်ခိုင်မာလာပြီး စိုက်ပျိုးသီးနှံများကို အားပြုဆောင်ရွက်တဲ့လုပ်ငန်းရှင်များအနေနဲ့လည်း အကျိုးအမြတ်ပိုမိုရရှိလာမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၏ ဒေသထွက် စိုက်ပျိုးသီးနှံကုန်စည်များ ဈေးနှုန်းကျဆင်းနေခြင်း၊ အရောင်းအဝယ် မဖြစ်ဘဲ ပြည်တွင်းပြည်ပဈေးကွက်ပျောက်နေခြင်းများ ကြုံတွေ့နေရသည့်အတွက် မည်ကဲ့သို့ အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် အသေးစားစက်မှုလုပ်ငန်းရှင်များ ဆက်လက်ရပ်တည်နိုင်ရေးတို့အတွက် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(ခ)စိုင်းဟပ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်ရှိအခြေအနေမှာ ရှမ်းပြည်နယ်အပါအဝင် နိုင်ငံဒေသတော်တော်များများမှာ ဒေသခံ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်တဲ့ အဓိကဒေသထွက်စိုက်ပျိုးသီးနှံများဖြစ်တဲ့ စပါး၊ ပြောင်း၊ မြေပဲ၊ ဖရဲ၊ လက်ဖက်စတဲ့ သီးနှံတွေဈေးနှုန်းကျဆင်းနေခြင်း၊ ပြည်တွင်းပြည်ပဈေးကွက် ပျောက်နေခြင်းစသည်တို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းနဲ့ အဓိကအသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ တောင်သူလယ်သမားများ၊ ဒေသထွက်သီးနှံများကို အားထားပြီးတော့ ကုန်သွယ်မှုပြုနေတဲ့ ကုန်သွယ် လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များရဲ့လုပ်ငန်းများကို ရပ်နားထားပြီးတော့

အခက်အခဲများနဲ့ ကြုံတွေ့နေခဲ့ကြကြောင်း သိရှိရပါတယ်။ အထူးသဖြင့် ရှမ်းပြည်နယ်ရဲ့ဒေသထွက်ကုန်များဖြစ်တဲ့ စပါး၊ ပြောင်း၊ မြေပဲ၊ ဖရဲ၊ လက်ဖက်စတဲ့ ပြည်ပပို့ကုန်သီးနှံများဈေးကျနေပြီး ပြည်တွင်းပြည်ပဈေးကွက်ပျောက်ပြီး အရောင်းအဝယ်မရှိခြင်းတို့ကြောင့် ပြည်သူလူထုရဲ့လူမှုစီးပွားဘဝ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ အလုပ်လက်မဲ့များပြားလာခြင်း၊ အလုပ်ရှာဖွေရန် ပြည်ပသို့ ထွက်ခွာခြင်းများကြောင့် လုပ်သားများရှားပါးလာခြင်းစတဲ့အပြင် စီးပွားရေးကျဆင်းလာတဲ့အတွက် ပညာရေး၊ ကျန်းမာရေးစသည်တို့ အဘက်ဘက်ထိခိုက်မှုများ ကြုံတွေ့လာနေသည်ကို အမြန်ကုစား နိုင်ခြင်းမရှိပါက စီးပွားရေးကျဆင်းမှု၊ အလုပ်အကိုင်ရှားပါးမှု၊ နေ့စဉ်လူမှုဒုက္ခများ ကြုံတွေ့လာနိုင်တဲ့အပြင် အခြားမမျှော်မှန်းနိုင်တဲ့ လူမှုဆိုးကျိုးများလည်း ဖြစ်ပေါ်စေလာနိုင်ပါကြောင်း သုံးသပ်မိပါတယ်။ သို့ဖြစ်တဲ့အတွက် မေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်ရဲ့အဓိကဒေသထွက်ကုန် စိုက်ပျိုးသီးနှံ ကုန်စည်များဖြစ်တဲ့ စပါး၊ ပြောင်း၊ မြေပဲ၊ ဖရဲ၊ လက်ဖက်စတဲ့ ပြည်ပပို့ကုန်သီးနှံများအပြင် အခြား တောင်သူလယ်သမားများ အားထားစိုက်ပျိုးကြတဲ့ သီးနှံများဈေးနှုန်းကျဆင်းနေခြင်း၊ အရောင်းအဝယ်မဖြစ်ဘဲ ပြည်တွင်းပြည်ပဈေးကွက်ပျောက်နေခြင်း၊ ကြုံတွေ့နေရတဲ့အတွက် ပြည်သူလူထုရဲ့နေ့စဉ် လူမှုစီးပွားဘဝ တဖြည်းဖြည်းထိခိုက်လာနေမှုအပေါ် အမြန်ကုစားနိုင်ရေး သက်ဆိုင်ရာက မည်ကဲ့သို့ အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိနေသည်ကို သိရှိလိုပါကြောင်းနှင့် တောင်သူလယ်သမားများရဲ့စိုက်ပျိုးသီးနှံများ ဈေးကွက်ခိုင်မာရေး၊ စိုက်ပျိုးသီးနှံများကို အားပြုဆောင်ရွက်နေကြတဲ့ အသေးစားစက်မှုလုပ်ငန်းရှင်များ ဆက်လက်ရပ်တည်နိုင်ရေးတို့အတွက် မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆန္ဒပြုပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

ရှမ်းပြည်နယ်ရဲ့ဒေသထွက်သီးနှံများဖြစ်တဲ့ ဆန်၊ ပြောင်း၊ မြေပဲ၊ ဖရဲသီး၊ လက်ဖက်ခြောက်စတဲ့ ပို့ကုန်များကို တင်ပို့ကြရာမှာ ပင်လယ်ရေကြောင်းမှ တင်ပို့မှုထက် အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အများစုတင်ပို့လျက်ရှိကြပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ယခင်က ပို့ကုန်အားလုံးကို လိုင်စင်ယူတင်ပို့ရန် ကန့်သတ်ထားရာကနေ ဖြေလျှော့ပေးခဲ့ပြီး ဆန်နှင့်မြေပဲမှလွဲ၍ ပြောင်း၊ ဖရဲ၊ လက်ဖက်တို့ကို ပို့ကုန်လိုင်စင်ရယူရန်လိုအပ်ခြင်းမရှိဘဲ တင်ပို့ခွင့်ပြုထားပါတယ်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေးသုံးသွင်းအားစုများဖြစ်တဲ့ ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ လယ်ယာသုံးကိရိယာများကို တောင်သူများ ဈေးနှုန်းသက်သာစွာနဲ့ သုံးစွဲနိုင်အောင် သွင်းကုန်လိုင်စင်ကြေးပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားပြီး ပြည်တွင်းကုမ္ပဏီများသာမက ပြည်ပကုမ္ပဏီများကိုလည်း ယင်းသွင်းအားစုများကို တင်သွင်းခွင့်ပြုထားပါတယ်။ ပို့ကုန်တိုးတက်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ချမှတ်ပြီး လယ်ယာထွက်ကုန်၊ ဆန်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်းများကို ဦးစားပေးပို့ကုန်များအဖြစ်သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအပြင် ရှမ်းပြည်နယ်နဲ့ပတ်သက်ပြီး လယ်ယာအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များကို တင်ပို့နိုင်ရန် ရှမ်းပြည်နယ်အစိုးရအနေနဲ့ ခရမ်းချဉ်သီးဖျော်ရည်နဲ့ ဆော့ထုတ်လုပ်နိုင်ရန် နည်းပညာပေးခြင်း၊ SME လုပ်ငန်းရှင်များအား အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် ချိတ်ဆက်၍ အတိုးနှုန်းသက်သာသောချေးငွေများ ထုတ်ပေးနိုင်ရေးဆောင်ရွက်ခြင်း၊ ချေးငွေအာမခံ(Credit Guarantee Insurance-CGI)စနစ်ဖြင့် ချေးငွေရရှိရေး CB ဘဏ်နှင့်ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့လည်း စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးကောင်းမွန်စေရန်နှင့် အထွက်နှုန်းတိုးတက်စေရန် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများကို ပညာပေးအကောင်အထည်ဖော်လျက်ရှိပြီး ဒေသရေမြေနှင့်ကိုက်ညီတဲ့ စိုက်ပျိုးနည်းစနစ်များ၊ သီးနှံပုံစံများရရှိအောင် ပြည်တွင်းလုပ်ငန်းရှင်များ၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယဒေသမှာ Organic လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု Supply Chain တစ်လျှောက် ထောက်ပံ့ပေးခဲ့ပြီး ထုတ်ပိုးခြင်း၊ ထုတ်ကုန်အမည်ပေးခြင်း၊ အခြောက်ခံခြင်းနည်းစနစ်ပံ့ပိုးမှုနှင့်တကွ နိုင်ငံတကာဈေးကွက်ကိုပါ ချိတ်ဆက်ပေးခဲ့ပါတယ်။ ဒီလိုချိတ်ဆက်ပေးခဲ့တဲ့အတွက် ဂျာမနီနိုင်ငံသို့ လက်ဖက်

ပို့ကုန်များတင်ပို့နိုင်ခဲ့ပြီး ဂျာမနီနိုင်ငံရှိ Tee Graschner Shop ၃၀၀ ကျော်မှာ မြန်မာ့လက်ဖက်ခြောက်များကို ရောင်းချလျက်ရှိနေကြောင်း သိရပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်မှ အဓိကထွက်ရှိတဲ့ ကော်ဖီစေ့များကို နိုင်ငံတကာဈေးကွက်သို့ တိုးချဲ့တင်ပို့လျက်ရှိရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ချက်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုကို ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ခဲ့ပါတယ်။ ဒါ့အပြင် JICA အဖွဲ့အစည်းနှင့်ပူးပေါင်းပြီး ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (Shan State Investment Fair)ကို ကျင်းပပေးနိုင်ခဲ့ပြီး ရှမ်းပြည်နယ်ရှိ လုပ်ငန်းရှင်များအား နိုင်ငံတကာလုပ်ငန်းများနဲ့ ချိတ်ဆက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ပုံမှန်ကျင်းပပြုလုပ်လျက်ရှိတဲ့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေး ကော်မတီအစည်းအဝေးနဲ့ မြန်မာ-ထိုင်း ကုန်သွယ်ရေးပူးတွဲကော်မရှင်အစည်းအဝေးများမှာလည်း မြန်မာနိုင်ငံမှ ပို့ကုန်များ မြှင့်တင်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့တွင် နှစ်စဉ်ကျင်းပပြုလုပ်တဲ့ တောင်နှင့် အရှေ့တောင်အာရှကုန်စည်ပြပွဲ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား နှစ်စဉ်အလှည့်ကျကျင်းပပြုလုပ်လျက်ရှိတဲ့ ကုန်စည်ပြပွဲနှင့် နှစ်နိုင်ငံလစဉ် ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးများတွင်လည်း ရှမ်းပြည်နယ်ဒေသထွက် စိုက်ပျိုးသီးနှံများ ဈေးကွက်ရရှိရေးနှင့် ရှမ်းပြည်နယ်ရှိ လုပ်ငန်းရှင်များအား နိုင်ငံတကာလုပ်ငန်းရှင်များနဲ့ ချိတ်ဆက်နိုင်ရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်မှထွက်ရှိတဲ့ လယ်ယာအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များကို တင်ပို့နိုင်ရန်နှင့် အရည်အသွေးထိန်းသိမ်းနိုင်ရန်အတွက် အေးသာယာစက်မှုဇုန်မှာ အာလူးအအေးခန်းစက်ရုံ တစ်ရုံနှင့် ပြောင်းအခြောက်ခံစက်ရုံနှစ်ရုံကိုလည်းကောင်း၊ သံတဲတွင် ပြောင်းအခြောက်ခံစက်ရုံတစ်ရုံကိုလည်းကောင်း၊ ဟဲဟိုးမြို့နယ်တွင် သီးနှံမျိုးစုံအခြောက်ခံစက်ရုံတစ်ရုံကိုလည်းကောင်း တည်ဆောက်လည်ပတ်လျက်ရှိပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံနယ်စပ်ဒေသများမှာ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ဆောက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အထက်တွင်တင်ပြခဲ့တဲ့အတိုင်း မြန်မာနိုင်ငံရဲ့လယ်ယာထုတ်ကုန်တင်ပို့ရောင်းချရာမှာ အထွက်နှုန်းနိမ့်ကျနေခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ပိုမိုမြင့်မားခြင်း၊ ကုန်စည်အရည်အသွေး လျော့နည်းနေခြင်း၊ ဝယ်ယူသိုလှောင်၊ သယ်ယူပို့ဆောင် ဖြန့်ဖြူးရောင်းချသည့်စရိတ် အလွန်ကြီးမားခြင်းနှင့် တင်ပို့ချိန်မှာလည်း ဈေးကွက်လိုအပ်ချက်အတိုင်း အချိန်မီတင်ပို့နိုင်စွမ်း နည်းပါးခြင်းတို့ကြောင့် ဈေးကွက်တွင် ယှဉ်ပြိုင်စွမ်းအား နည်းပါးနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် သယ်ယူပို့ဆောင်ဖြန့်ဖြူးရောင်းချ

တဲ့စရိတ်မှာ မြန်မာနိုင်ငံဟာ အာဆီယံဒေသအတွင်းမှာ အမြင့်မားဆုံးဖြစ်နေတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ဒီအခက်အခဲကနေ ကျော်လွှားနိုင်အောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှစ်လတ်အစီအစဉ်ကို ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ထိုအစီအစဉ်ကို တောင်သူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်တာနဲ့အမျှ တောင်သူလယ်သမားများရဲ့စိုက်ပျိုးသီးနှံများ ဈေးကွက်ပိုမိုခိုင်မာလာပြီး စိုက်ပျိုးသီးနှံများကို အားပြုဆောင်ရွက်ကြတဲ့ အသေးစားစက်မှုလုပ်ငန်းရှင်များအနေနဲ့လည်း အကျိုးအမြတ်ပိုမိုရရှိလာနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်ကြား သစ္စာလမ်းမကြီးတွင်ရှိသော မီးရထားလမ်းနှင့် မော်တော်ယာဉ်လမ်းဆုံနေရာတွင် ကားရှုပ်ထွေးမှုများ အလွန်ဖြစ်ပေါ်နေပါသဖြင့် ခုံးကျော်တံတား တစ်ခုတည်ဆောက်ပေးရန် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ဧည့်သည်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်ကို ဆက်သွယ်ထားသော သစ္စာလမ်းမကြီးရှိ မီးရထားလမ်းနှင့် မော်တော်ယာဉ် လမ်းဆုံရာတွင် ရထားသံလမ်းဖြတ် မော်တော်ယာဉ်သွား ခုံးကျော်တံတားမရှိတဲ့အတွက် ကားရှုပ်ထွေးမှုများ အလွန်ဖြစ်ပေါ်နေလျက်ရှိပါတယ်။ ရထားခရီးစဉ်များ တိုးချဲ့လာခြင်း၊ တောင်ဥက္ကလာပမြို့နယ်သည် ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံ(အရှေ့)မြို့နယ်၊ ဒဂုံတက္ကသိုလ်သို့သွားရာ အဓိကမြို့နယ်ဖြစ်နေခြင်း၊ တောင်ဥက္ကလာပမြို့နယ်တွင် အဝေးပြေးကားဂိတ်တစ်ခုရှိနေခြင်းတို့ကြောင့် ကားသွားလာပြီး တစ်နှစ်၊ နှစ်နှစ်အတွင်း အလွန်တိုးတက်များပြားလာလျက်ရှိပါတယ်။ ထို့အပြင် သစ္စာလမ်းမကြီးနှင့် ဒဂုံ(မြောက်ပိုင်း)တို့ဆက်သွယ်ထားသော မြစ်ကူး

တံတားစီမံကိန်းပြီးပါကလည်း ယာဉ်သွားလာသည့် သစ္စာလမ်းမကြီး၌ ပိုမိုများပြားလာမည်ဖြစ်ပါတယ်။ အထူးသဖြင့် ရုံးတက်/ရုံးဆင်းအချိန်များတွင် တစ်မိနစ်လျှင် မော်တော်ယာဉ် ၃၅ စီးမှ ၄၅ စီးကြား ရထားသံလမ်းကို ဖြတ်နေရပြီး ရထားမှလည်း ၁၅ မိနစ်ခန့်လျှင် တစ်ကြိမ်နှုန်းဖြင့် ဖြတ်သန်းနေပါတယ်။ တစ်နေ့လျှင် ရထားအစင်း ၄၉ ကြိမ်ခန့်သည် ၎င်းသံလမ်းကို ဖြတ်သန်းလျက်ရှိပါ သဖြင့် တစ်ခါတရံ သံလမ်းမှစ၍ ပိတ်နေသောကားများသည် ဗဟိုဈေးလမ်းဆုံမီးပွိုင့်သို့ပင် ရောက်ရှိနေပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒီပုံကတော့ သစ္စာလမ်းမှာရှိတဲ့ မီးရထားလမ်းနှင့် မော်တော်ယာဉ်လမ်းဆုံနေရာမှာ ကားရှုပ်ထွေးမှုအလွန်များတယ်ဆိုတာ တင်ပြတာဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့ ဆက်သွယ်ထားသော သစ္စာလမ်းမကြီးရှိ ရထားသံလမ်းဖြတ် မော်တော်ယာဉ်သွား ခုံးကျော်တံတားတစ်ခုသည် အမှန်တကယ်လိုအပ်နေပါသဖြင့် တည်ဆောက်ပေးနိုင်ပါရန် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ဇင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်ကြား သစ္စာလမ်းမကြီးမှာရှိတဲ့ မီးရထားလမ်းနှင့်မော်တော်ယာဉ်လမ်းဆုံနေရာမှာ ကားရှုပ်ထွေးမှုတွေများအလွန်ဖြစ်ပေါ်နေတဲ့အတွက်ကြောင့် ခုံးကျော်တံတားတစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတဲ့ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးစောနိုင်ရဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ တကယ်လည်းပဲ ဒီမြို့ပတ်ရထားလမ်းအပါအဝင် ရထားလမ်းတွေနဲ့ ကားလမ်းတွေဆုံတဲ့ Level Crossing အလယ်မှာ ဒီကားလမ်းအကူးတွေမှာ Accident တွေ ဖြစ်ပွားလျက်ရှိပါတယ်။ တကယ်လည်းပဲ ကားတွေထူးထပ်များပြားလာတဲ့ ရန်ကုန်မြို့မှာ

ကားလမ်းကူးခုံးကျော်တွေ များစွာရှိပါတယ်။ အဲဒီလိုပိတ်ဆို့တဲ့ဟာပေါင်း ဒီကာလမ်းကူးပေါင်း ၂၆ ခုရှိပါတယ်။ အဲဒီ ၂၆ ခုကတည်းကနေပြီးတော့ အရေးကြီးဆုံး၊ လူ၊ ယာဉ်ထူထပ်ဆုံးနဲ့ ရထားစင်းရေ အများဆုံး ဖြတ်သန်းတဲ့လမ်းတွေကို ခုံးကျော်တံတားဆောက်ဖို့ရန်အတွက် ကျွန်တော်တို့ အစီအစဉ် ရေးဆွဲထားပါတယ်။ အဲဒီအထဲမှာသူက နံပါတ်(၃)မှာပါပါတယ်။ တကယ်ပိုပြီးတော့ ရန်ကုန်နှင့် မင်္ဂလာဒုံအခြမ်းမှာ သွားတဲ့စင်းရေစုစုပေါင်းမြို့ပတ်ရော ရန်ကုန်နှင့်မင်္ဂလာဒုံ၊ ရန်ကုန်နှင့် ပုရွက်ဆိတ်ကုန်း အဲဒီအပါအဝင်အားလုံးပေါင်း ၅၃ စင်းရှိပါတယ်။ အဲဒီ ၅၃ စင်းမှာ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးဟာဆို တကယ်စေ့စေ့စပ်စပ် တွက်ချက်ထားပါတယ်။ တစ်မိနစ် မော်တော်ကားစင်းရေ များတာမှန်ပါတယ်။ အဲဒီအထဲမှာ သူက တတိယဦးစားပေးအနေနဲ့ ကျွန်တော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အမှန်ကတော့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ လုပ်ဖို့ရန် ထည့်ထား ပေးမယ့် ပိုပြီးတော့အရေးကြီးတဲ့စီမံကိန်းတွေ ဆောင်ရွက်ဖို့ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီ ၂၀၁၇-၂၀၁၈ မှာ ထည့်သွင်းပြီးတော့ မတွက်နိုင်တာ။ ဘဏ္ဍာငွေကို အခြားမဖြစ်မနေဆောင်ရွက် ရမည့်လုပ်ငန်းတွေကို ဦးစားပေးတဲ့အတွက်ကြောင့်မို့လို့ ကားလမ်းကူးခုံးကျော်တံတားတွေအတွက် တည်ဆောက်နိုင်ခြင်းမရှိသေးပါဘူး။ ဒါပေမဲ့ ဒီနှစ်ထဲမှာပဲ တံတားတွေရဲ့ Alignment တိုင်းတာတာ၊ မြေစမ်းသပ်တာစတဲ့ အကြိုအင်ဂျင်နီယာလုပ်ငန်းတွေကိုတော့ ကြိုတင်ဆောင်ရွက်ထားမှာဖြစ်ပါ တယ်။

အဲဒီသစ္စာလမ်းခုံးကျော်တံတားရဲ့ ခန့်မှန်းကုန်ကျစရိတ်ကို အကြမ်းဖျင်းတွက်ချက်ကြည့်တော့ ခန့်မှန်းပေအရှည် ၁၀၄၀ ပေ၊ ရထားလမ်းမှ ကင်းလွတ်အမြင့် ၁၉ ပေ ၆ လက်မ ကားလမ်းအကျယ်က လေးလမ်းသွားဖြစ်ပြီးတော့ တည်ဆောက်မှုကုန်ကျစရိတ်ဟာ ဘဏ္ဍာငွေကျပ်သန်းပေါင်း ၄၁၆၀၀၀ ကုန်ကျမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ နောက်ဘဏ္ဍာနှစ်များမှာ ခုံးကျော်တံတားတွေကို ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခြားဒီပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေအပါအဝင် ပူးပေါင်းဆောင်ရွက်ဖို့လည်းပဲ အခြားအစီအစဉ်များနှင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မကွေးမြို့လေဆိပ်ကို ခရီးသည်တင်လေယာဉ်များ ဆင်းသက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မကွေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမည့်မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မကွေးလေဆိပ်ကို ခရီးသည်တင်လေယာဉ်များ ဆင်သက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား မေးမြန်းမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်မှာ လူဦးရေ ၂၇၀၀၀၀ ခန့်၊ ကျေးရွာပေါင်း ၂၁၆ ရွာနှင့် ဆေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ နည်းပညာတက္ကသိုလ်၊ မကွေး တက္ကသိုလ်၊ ကျန်းမာရေးတက္ကသိုလ်များရှိပါတယ်။ ယခုအခါ လမ်းပန်းဆက်သွယ်ရေးလည်း အလွန် ကောင်းမွန်ပြီး မင်းဘူးခရိုင်၊ ရခိုင်ပြည်နယ်တို့နှင့် ဆက်သွယ်ထားတဲ့ ဧရာဝတီမြစ်ကူးတံတားအပြင် ချောက်-ရေနံချောင်း-နတ်မောက်-မြို့သစ်-တောင်တွင်း-အောင်လံမြို့များနှင့် ဆက်သွယ်ရေးကောင်းမွန်ပြီး စည်ကားနေသော မြို့ကြီးတစ်မြို့လည်းဖြစ်ပါတယ်။ ရေကြောင်း၊ ကုန်းကြောင်းတို့နှင့် အလွယ်တကူ သွားလာနိုင်သော်လည်း အလိုအပ်ဆုံးနှင့်အချိန်တိုအတွင်း အသုံးပြုနိုင်သော လေကြောင်းလိုင်း လိုအပ်လျက်ရှိပါတယ်။ ယခုအခါ လေကြောင်းလိုင်းအဖြစ် မဖြစ်မနေအသုံးပြုလိုပါက ညောင်ဦးလေဆိပ်ကိုသာ အားထားနေရပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းမှာ ကျောက်ထု- ပခုက္ကူ- မကွေးဆိုပြီးတော့ ဒီလေယာဉ်ကွင်းသုံးကွင်း ရှိပါတယ်။ မည်သည့်လေယာဉ်ကွင်းမျှ ခရီးသည်တင် လေယာဉ်မဆင်းသက်နိုင်ပါဘူး။ မကွေးလေဆိပ်ကို ၂၀၀၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှာ စတင်ဖွင့်လှစ် ခဲ့ပြီး ၂၀၀၈ ခုနှစ် ဇွန်လမှာ ခရီးသည်တင်လေယာဉ်ခရီးစဉ်များကို ရပ်ဆိုင်းခဲ့ရပါတယ်။ ဆယ်စုနှစ် တစ်ခုနီးပါး ရှိနေပါပြီ။ ဒီလေယာဉ်ကွင်းကြီးရဲ့ အကျယ်အဝန်းဟာ ၈၁၈.၈၂ ဧကရှိပြီး လေယာဉ်ပြေး လမ်းရဲ့အလျားဟာ ၈၉၀၀ ပေ၊ အနံက ၂၀၀ ပေ ကွန်ကရစ်လမ်း အမျိုးအစားဖြစ်ပါတယ်။ လမ်းရဲ့ ခံနိုင်ရည်မှာ ၆၂ တန်ဖြစ်ပြီးတော့ Air Bus လေယာဉ်အမျိုးအစားများ ဆင်းသက်နိုင်ကြောင်း သိရှိ ရပါတယ်။ ယခုအခါ ရန်ကုန်မြို့မှ ညောင်ဦးမြို့၊ ကလေးမြို့သို့ ဖြတ်ကျော်ပျံသန်းတဲ့လေကြောင်းများ အတွက် လေကြောင်းလမ်းညွှန်စက်နဲ့ ဆက်သွယ်ရေးစက်များဖွင့်လှစ်ပြီး လေယာဉ်များလုံခြုံစွာ ပျံသန်းနိုင်ရေးအတွက် လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်လျက်ရှိပြီး ၂၄ နာရီဆင်းသက်နိုင်သည်ဟု သိရှိရပါတယ်။ ယခုအခါ တပ်မတော်

မှ Mid 291 F7 လေယာဉ်များနေ့စဉ် တနင်္လာမှ သောကြာနေ့အထိ ၁၄ ကြိမ်ခန့် လေ့ကျင့်ပျံသန်း လျက်ရှိကြောင်း စုံစမ်းသိရှိရပါတယ်။ တစ်ခါတစ်ရံမှာ ပုဂ္ဂလိကလေယာဉ်များ၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးထောက်ပံ့လေယာဉ်များ၊ စင်းလုံးငှားလေယာဉ်များ၊ တပ်မတော် Transport လေယာဉ်များလည်း ဆင်းသက်သည်ဟု သိရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးပေါ်လူနာများအတွက်လည်းကောင်း၊ ဝန်ထမ်း များအချိန်မီလုပ်ငန်းလုပ်ဆောင်ရန် ကျောင်းသားကျောင်းသူ၊ ဆရာဆရာမများ၊ စီးပွားရေးလုပ်ငန်းရှင် များ၊ ဆရာတော်သံဃာတော်များ၊ နိုင်ငံခြားခရီးသွားများ အချိန်တိုအတွင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် လေကြောင်းလိုင်း လိုအပ်လျက်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ အချိန်နှင့်တစ်ပြေးညီ မြန်မြန် ဆန်ဆန်ဆောင်ရွက်နိုင်ရန် မကွေးလေဆိပ်သို့ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံချောမွေ့စွာ အချိန် မရွေးလေယာဉ်များ ဆင်းနိုင်ကြောင်းစုံစမ်းသိရှိရပါသည်။ မကွေးလေဆိပ်သို့ ခရီးသည်လေယာဉ်များ ဆင်းသက်နိုင်ရန် ရှိ/မရှိ။ မရှိပါက အဘယ်ကြောင့်မရှိသေးကြောင်းနှင့် ရှိပါကမည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မကွေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့လေဆိပ်ကို ခရီးတင်လေယာဉ်များ ဆင်းသက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိပါက မည်သည့်အတွေ့ကြောင့်မရှိသေးကြောင်း၊ ရှိပါက မည်သည့်အချိန် တွင် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော် ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သန့်ဇင်မောင်အနေနဲ့ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ခုနတုန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ၂၀၀၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှာ ကျွန်တော်တို့လေယာဉ်ကွင်းအသစ် တည်ဆောက်ခဲ့ပါတယ်။ အဲဒီ ၂၀၀၃-၂၀၀၄

နှစ်တွေကနေပြီးတော့ ကျွန်တော်တို့မြန်မာ့လေကြောင်းဟာ 27, F-27၊ F-28 လေယာဉ်တွေနဲ့ ရန်ကုန်-မကွေး-ရန်ကုန်ခရီးစဉ်ကို တစ်ပတ်မှာနှစ်ကြိမ် ပြေးဆွဲတဲ့အပြည့်အစုံရှိပါတယ်။ အဲဒီမှာ မကွေးမြို့က နေပြီးတော့ အဲဒီမှာ မကွေးကနေပြီးတော့ အဲဒီအချိန်တုန်းက ဒေသခံပြည်သူတွေဟာ မော်တော်ယာဉ်ကိုသာ အဓိကသွားလာကြပြီးတော့ ခရီးစဉ်တစ်ခေါက်မှာ ခရီးသည်နှစ်ဦးမှ သုံးဦးထိပဲပါတဲ့အကြောင်းကို စိစစ်တွေ့ရှိရပါတယ်။ အများစုက မော်တော်ကားလမ်းကို အများစုအသုံးပြုနေကြတဲ့အတွက်ကြောင့် လေယာဉ်တွေကို ပြေးဆွဲပေးနိုင်ခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ပြေးဆွဲနိုင်ခြင်းရှိ/မရှိ၊ အခြား ပုဂ္ဂလိကလေယာဉ်ကြောင်းလိုင်းတွေကို ကျွန်တော်မေးမြန်းတဲ့အခါမှာလည်း သူတို့ခရီးသည်ရရှိနိုင်မှုမရှိတဲ့အတွက်ကြောင့် ပြေးဆွဲခြင်းမပြုလိုပါကြောင်း တင်ပြထားပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ထပ်ပြီးတော့ Survey လုပ်ပါ။ တကယ့်သူတို့ရဲ့ ခရီးသည် လိုအပ်ချက် Travel Demand ပြန်လည်ပြီးတော့ လေ့လာစိစစ်သုံးသပ်ပါ။ သုံးသပ်ပြီးတဲ့အခါမှာ ဒီရန်ကုန်-မကွေး၊ မကွေး-ရန်ကုန် တိုက်ရိုက်မလုပ်နိုင်ရင်တောင်မှ ရန်ကုန်-မကွေးနှင့် အခြားမြို့နှင့်ဆက်စပ်သော လေကြောင်းလိုင်းတွေ လုပ်လို့မရနိုင်ဘူးလားဆိုပြီးတော့ ကျွန်တော်စိစစ် မေးမြန်းလျက်ရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ မည်သည့်ကာလမှာ လုပ်မယ်ဆိုတဲ့အချက်ကို ဖြေကြားဖို့ရန် အခက်အခဲရှိသော်လည်းပဲ ကျွန်တော်တို့ဒီ ခရီးစဉ်ရရှိမှု၊ ခရီးသည်ရရှိမှုအခြေအနေပေါ်မှာမူတည်ပြီးတော့မှသာ ပြေးဆွဲနိုင်မှာဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တရားမဝင် ဂြိုလ်တုစလောင်းနှင့် ရုပ်သံဖမ်းစက်များကို ဥပဒေနှင့်အညီ နည်းလမ်းတကျ အခွန်အခကောက်ခံနိုင်ရေးနှင့် လိုအပ်သလိုအရေးယူပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပဏာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားမဝင် ဂြိုလ်တုစလောင်းနဲ့ ရုပ်သံဖမ်းစက်များကို

ဥပဒေနှင့်မညီ တင်သွင်းနေခြင်းကို တားဆီးရန်နှင့် တရားဝင်အခွန်ကောက်ရရှိနိုင်ရေးအတွက် လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တရားဝင်ရုပ်သံထုတ်လွှင့်ခွင့်ရရှိတဲ့ အဖွဲ့အစည်းများမှာ MRTV, MWD, MRTV-4, SKY NET တို့ဖြစ်ပါတယ်။ ယင်းအဖွဲ့အစည်း လေးခုဟာ ရုပ်သံထုတ်လွှင့်တဲ့ ဥပဒေပြဋ္ဌာန်းခြင်းမပြုမီကပင် ၁၉၈၉ ခုနှစ် နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများဥပဒေအရ အစိုးရ၏ခွင့်ပြုချက်နဲ့ ရုပ်သံထုတ်လွှင့်ခွင့်ရထားသူများ ဖြစ်ကြပါတယ်။ ရုပ်သံထုတ်လွှင့်တဲ့အစီအစဉ်များကိုလည်း သက်ဆိုင်ဝန်ကြီးဌာနရဲ့ မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ ထုတ်လွှင့်ပြသနေတယ်လို့ သိရပါတယ်။ နိုင်ငံတော်ကိုပေးသွင်းရန်ရှိတဲ့ အခွန်အခတွေကို လည်း ပေးသွင်းလျက်ရှိတယ်လို့သိရပါတယ်။ ဒီလိုထုတ်လွှင့်ရာမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကိုမ ထိပါး စေဘဲ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစသည်ဖြင့် နိုင်ငံတော်ရဲ့မူဝါဒများ၊ ကျင့်ဝတ်များကို လိုက်နာရ တာဖြစ်ပါတယ်။ သို့သော်လည်း ယခုအခါ နိုင်ငံနှင့်အဝန်း ဂြိုလ်တုရုပ်မြင်သံကြားစလောင်းများနဲ့ ရုပ်သံဖမ်းစက်များကို တရားမဝင်တင်သွင်းရောင်းချနေတာကို တွေ့ရပါတယ်။ တကယ်တော့ မြန်မာနိုင်ငံအစိုးရရဲ့ စီရင်ပိုင်ခွင့်မရှိတဲ့ ပြည်ပရုပ်မြင်သံကြားထုတ်လွှင့်တဲ့ကုမ္ပဏီများက နည်းမျိုးစုံနဲ့ တရားမဝင်ခိုးသွင်းတဲ့စက်များနဲ့ ပြည်သူများအတွင်း ကျူးကျော်ဝင်ရောက်နေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုလို တင်ပြခြင်းဟာ တရားမဝင်ဂြိုလ်တု စလောင်းနဲ့ ရုပ်သံဖမ်းစက်များကို ဝယ်ယူသုံးစွဲနေကြတဲ့ ပြည်သူတွေကို ထိခိုက်စေလိုတဲ့ဆန္ဒမရှိ ပါဘူး။ မည်သူမဆို သက်သက်သာသာနဲ့ ရုပ်သံအစီအစဉ်ကြည့်ရှုခွင့်ရခြင်းများကို နားလည်သဘော ပေါက်ပါတယ်။ ဒါပေမဲ့ ယဉ်ကျေးမှုမတူတဲ့ နိုင်ငံခြားကထုတ်လွှင့်တဲ့ ထုတ်လွှင့်ခြင်းများဟာ မြန်မာ့ယဉ်ကျေးမှုတွေနဲ့ သွေဖီနေတာကိုလည်း သတိပြုကြရမှာဖြစ်ပါတယ်။ ဒါဟာလည်း Media Sovereignty(မီဒီယာအချုပ်အခြာ)ကို ထိပါးရောက်ပါတယ်။ နိုင်ငံတကာကျင့်သုံးနေတဲ့မူအရ အခြားနိုင်ငံတစ်ခုရဲ့ ထုတ်လွှင့်ချက်ကို ပိတ်ပင်လို့မရပါဘူး။ သို့သော်လည်း ဆက်သွယ်ရေးဝန်ကြီး ဌာန၏ ခွင့်ပြုချက်ရရှိမှသာ တင်သွင်းခွင့်ရှိတာကိုတော့ လေးစားလိုက်နာကြရမှာဖြစ်ပါတယ်။ လက်ဝယ်ရှိသူနဲ့ တင်သွင်းသူတို့ဟာ ၂၀၁၂ ခုနှစ် ပို့ကုန်၊သွင်းကုန်ဥပဒေပုဒ်မ ၈ နှင့် ငြိစွန်းနေတာ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေဟာ အကောက်အခွန်ဥပဒေ၊ ပို့ကုန်၊ သွင်းကုန်ဥပဒေတို့အရ ဆက်သွယ်ရေး ဝန်ကြီးဌာနရဲ့ ထောက်ခံချက်နဲ့သာ တင်သွင်းခွင့်ရတဲ့ပစ္စည်းတွေဖြစ်ပါတယ်။ ထောက်ခံချက်လည်းမရှိ၊

ခွင့်ပြုချက်လည်းမရှိဘဲ ဝင်ရောက်နေတာဟာ တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်နေတာပဲဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ပြဋ္ဌာန်းတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေရဲ့ရည်ရွယ်ချက် အခန်း(၂) ပုဒ်မ ၁ မှာ ရင်းနှီးမြှုပ်နှံသူများ နှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကာအကွယ်ပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် အခုမကြာခင်မှာ ဝင်ရောက်လာကြမယ့် ရင်းနှီးမြှုပ်နှံသူတို့ရဲ့ ယုံကြည်မှုကို ရယူဖို့လိုသလို အကာအကွယ်ပေးဖို့လည်း လိုအပ်တာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက တစ်ဆင့် ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ တရားမဝင်ဂြိုလ်တုစလောင်းနဲ့ ရုပ်သံဖမ်းစက်များကိုတားဆီးနိုင်ရေးနှင့် တင်သွင်းလာပါကဥပဒေနှင့်အညီ နည်းလမ်းတကျ အခွန်ကောက်ခံရရှိရေး အတွက် လိုအပ်သလိုအရေးယူပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မေးမြန်းထားတဲ့ တရားမဝင်ဂြိုလ်တုစလောင်းနှင့် ရုပ်သံဖမ်းစက်များကို ဥပဒေနှင့် အညီနည်းလမ်းတကျ အခွန်အခကောက်ခံနိုင်ရေးနှင့် လိုအပ်သလိုအရေးယူပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ လိုင်စင်ကောက်ခံဆောင်ရွက်မှုကို အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ယခင်(ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)ရဲ့ ၂၉-၉-၁၉၉၃ ခုနှစ်ရက်စွဲပါ ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ အမိန့်အမှတ်(၁/၁၉၉၃)အရ ၁၉၉၄ ခုနှစ်ကစပြီးတော့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက နေပြီးတော့ တိုက်ရိုက်ကောက်ခံခဲ့ပါတယ်။ ဒီနေရာမှာကျွန်တော်တို့ရဲ့ အခွန်အခလိုင်စင်ကောက်ခံမှုကို တင်ပြခြင်းဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်ကျတော့ ဆက်သွယ်ရေးဥပဒေ ထွက်လာပါတယ်။ ဆက်သွယ်ရေး ဥပဒေမှာကျတော့ ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက်လိုင်စင်ဟာ ခေတ်နှင့်လျော်ညီခြင်းမရှိတော့ ပါသဖြင့် ရုပ်သိမ်းနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်၊ ဧပြီ ၂၄ ရက်နေ့မှာကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စု

အစိုးရအဖွဲ့နဲ့ စီးပွားရေးရာကော်မတီတို့ အစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၄)ကနေပြီးတော့ အဆိုပါအစည်းအဝေးမှ ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးမှာဘဲ ဆုံးဖြတ်ဖို့လမ်းညွှန်ခဲ့ပါတယ်။ အဲဒီလမ်းညွှန်ချက်နဲ့အညီ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၄)အရ အမိန့်ကြော်ငြာစာ အမှတ်(၁/၁၉၉၃)ကို ပယ်ဖျက်ခဲ့ပါတယ်။ ကျွန်တော် ရှင်းလင်းတင်ပြရမယ်ဆိုရင် အခုဂြိုလ်တုဖမ်းစက်တွေဟာ ဂြိုလ်တုကထုတ်လွှင့်တဲ့ သတင်းတွေ၊ ရုပ်မြင်သံကြားတွေကို ဖမ်းယူနိုင်တာသာလျှင်ဖြစ်ပါတယ်။ သူဟာထပ်ဆင့် ထုတ်လွှင့်နိုင်ခြင်းမရှိပါဘူး။ အဲဒီတော့ ထပ်ဆင့်ထုတ်လွှင့်နိုင်ခြင်းမရှိတဲ့ ဂြိုလ်တုရုပ်မြင်သံကြားဖမ်းစက်တွေကို ဒီအခုနောက်ဆုံးထုတ်ပြန်ထားတဲ့ ဆက်သွယ်ရေးဥပဒေအရဆိုရင် ကျွန်တော်တို့ဟာ လိုင်စင်ထုတ်ပေးစရာ၊ အခကြေးငွေကောက်ခံစရာ မလိုအပ်ဘူးဖြစ်ပါတယ်။ အဲဒီမှာ တရားမဝင်တင်သွင်းလာတယ်ဆိုတဲ့ကိစ္စကတော့ ပြည်ပပို့ကုန်၊သွင်းကုန်ဥပဒေ၊ အကောက်ခွန်နည်းဥပဒေတို့အရ တင်သွင်းရမှာဖြစ်ပါတယ်။ ခုနတုန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ကျွန်တော်တို့ဆီကနေပြီးတော့ ထောက်ခံချက်ယူပြီးတော့ တင်သွင်းရန် မလိုအပ်တော့ဘူးဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ချက်လိုတာကတော့ ဆက်သွယ်ရေးစနစ်ပါ တစ်ခါတည်းပါတယ်။ ထုတ်လွှင့်နိုင်စွမ်းရှိတဲ့ ဂြိုလ်တုရုပ်မြင်သံကြား စက်ပစ္စည်းတွေကိုကျတော့ ဆက်သွယ်ရေးဥပဒေ ပုဒ်မ၂၇၊ လိုင်းနှုန်းစဉ်ဆိုင်ရာနည်းဥပဒေ ၅၃(ဃ)တို့ အရ အများပြည်သူကို ဖြန့်ဖြူးရောင်းချခြင်းနှင့်ပတ်သက်တဲ့ နည်းပညာဆိုင်ရာထောက်ခံချက်တွေ ကိုတော့ စနစ်တကျရယူနိုင်ဖို့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သာမန်ဂြိုလ်တုစလောင်းတွေကနေပြီးတော့ ဖမ်းယူတဲ့ကိစ္စတွေအားလုံးအတွက်တော့ ကျွန်တော်တို့ဟာ လိုင်စင်လုပ်ပေးခြင်း၊ လိုင်စင်ခကောက်ခံခြင်းမပြုတော့ပါဘူး။ ၂၀၀၅ ခုနှစ်ကတည်းက မလုပ်ခဲ့ဘူးလို့ ကျွန်တော်စိစစ်တွေ့ရှိရပါတယ်။ ၂၀၀၇ ခုနှစ်မှာ လိုင်စင်များကို ထပ်မံပြီးတော့ လိုင်စင်တိုးမြှင့်ခြင်းကို လည်းပဲ မလုပ်ခဲ့တော့ဘူးလို့ သိရပါတယ်။ ၂၀၁၃-၂၀၁၄ မှာကျတော့ ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုချက်၊ အတည်ပြုချက်ကိုရယူပြီးတော့ အဲဒီလိုင်စင်ထုတ်ပေးခြင်းကိစ္စကို ဖျက်သိမ်းပြီးဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ လေးစားပါတယ်။

**ရသေ့တောင်မြို့နယ်၊ အုတ်ဖို(ခ)အိုးဖောက်ကျေးရွာ၌ သင်္ဘောဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၃၁)ရက်မြောက် ၂၇-၅-၂၀၁၆ ရက်နေ့မှာ ရသေ့တောင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးခွန်းမေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ သေချာပေါက်ထည့်ပေးမယ်လို့ ပြည်နယ်ရုံးက သတင်းရထားကြောင်းကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် လာရောက်ဖြေဆိုခဲ့တာကိုလည်း လေ့လာသိရှိရပါတယ်ရှင်။ ဒါပေမဲ့လည်း ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ မပါခဲ့တဲ့အတွက် ကျွန်မအနေနဲ့ထပ်ပြီးတော့ ပြည်သူ့လွှတ်တော်မှာမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အုတ်ဖို(ခ)အိုးဖောက်ကျေးရွာဟာ မေယုမြစ်ကမ်းဘေးမှာရှိတဲ့ ရွာကြီးတစ်ရွာဖြစ်ပါတယ်။ စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်ကိုသွားတဲ့ရေလမ်းကြောင်းပေါ်မှာတည်ရှိတဲ့ ကျေးရွာဖြစ်ပြီးတော့ ရသေ့တောင်-ဘူးသီးတောင်ကို ရေလမ်းခရီးဖြင့် သွားလာရာတွင်လည်း ကြားရပ်နားနေရာတစ်ခုလည်း ဖြစ်ပါတယ်ရှင့်။ Power Point ပြခွင့်ပေးပါ။ ဒီတံတားဟာ အုတ်ဖို(ခ) အိုးဖောက်ကျေးရွာသူကျေးရွာသားများ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့ကြတဲ့ သင်္ဘောဆိပ်ခံတံတားတစ်ခုဖြစ်ပါတယ်။ ဒီဆိပ်ခံတံတားမှာ အစိုးရပိုင်သင်္ဘောကြီးများ၊ ပုဂ္ဂလိကပိုင်အမြန်ရေယာဉ်များ၊ စည်ပင်သာယာရေးအဖွဲ့လိုင်စင်ရ လိုင်းစက်လှေကြီးများ နေ့စဉ်နဲ့အမျှ ရပ်နားကူးသန်း ရောင်းဝယ်ခြင်းများ ပြုလုပ်နေကြတဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ယခုအချိန်မှာ ဒီဆိပ်ခံတံတားဟာ ယိုင်နဲ့ပြီး အတက်အဆင်းများမှာ အန္တရာယ်ရှိအဆင့်ကို ရောက်ရှိနေပါတယ်ရှင်။ သင်္ဘောကြီးများ၊ အမြန်ယာဉ်များမှာ ဆိပ်ခံတံတားမှာ ဆိုက်ကပ်၍မရနိုင်တဲ့အတွက်ကြောင့် အခုပုံမှာပြထားတဲ့အတိုင်းပါပဲ။ မြစ်လယ်မှာ သင်္ဘောကိုကျောက်ချရပ်ထားပြီးတော့ ခရီးသည်များနှင့် ကုန်ပစ္စည်းများကို အဲဒီသင်္ဘောနားမှာပဲ စက်တပ်လှေကလေးများနဲ့ ကပ်ပြီးတော့ အန္တရာယ်ရှိနေတဲ့ကြားကနေ ကူးသန်းသွားလာနေကြရပါတယ်။ မိုးတွင်းမှာဆိုရင် ခရီးသွားပြည်သူများမှာ အခက်အခဲ ဘေးအန္တရာယ်များစွာ ကြုံတွေ့နေကြရပါတယ်ရှင်။ စက်တပ်လှေကလေးများဖြင့် မြစ်လယ်ကကူးလာတဲ့ခရီးသည်များဟာ ဒီရေတက်ချိန်ဆိုရင် ဆိပ်ခံတံတားပေါ်ကို ပျဉ်ပြားလေးတစ်ချပ်တင်ပြီးတော့ ကြိုးတန်းလျှောက်သလို လျှောက်ကြရပါတယ်။ ဒီရေကျချိန်ဆိုရင် ရွှံ့ပြင်ကြီးကိုဖြတ်ပြီးတော့ တော်တော်အလှမ်းဝေးထိ သွားကြရပါတယ်။ ယခုလို မိုးရာသီ ရာသီဥတုဆိုးရွားတဲ့အချိန်ကျရင် ရဟန်းရှင်၊ လူ ပြည်သူအများဟာ ကာယအိန္ဒြေတွေပျက်ပြားသွားအောင်ထိ အခြေအနေဆိုးတွေနဲ့ ကြုံတွေ့နေကြရပါတယ်ရှင်။ ကိုယ်ထူကိုယ်ထတည်

ဆောက်ခဲ့တဲ့ ဒီဆိပ်ခံတံတားကို ကျေးရွာပေါင်း ၄၀၊ အိမ်ခြေ ၅၀၀၀ ကျော်၊ လူဦးရေ ၃၀၀၀၀ ကျော်တို့က အသုံးပြုသွားလာနေကြရပါတယ်။ ဒီကျေးရွာမှာဆိုရင် တပ်မတော်တပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ အစိုးရဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်လျက်ရှိပါတယ်။ နိုင်ငံခြားသားတွေ၊ NGO အဖွဲ့အစည်းတွေ ခဏခဏသွားလာမှုတွေလည်း ရှိကြပါတယ်။ ဒီအမြင်မတော်ဖြစ်နေတဲ့ ဒီဆိပ်ခံတံတားကြီးကို အလျင်အမြန်တည်ဆောက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါတဲ့အတွက်ကြောင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးအရသွားလာနေကြရတဲ့ ကျွန်မ၏မဲဆန္ဒနယ် ပြည်သူများအတွက် သွားလာရေးအဆင်ပြေစေရန်အတွက် ရသေ့တောင်မြို့နယ် အုတ်ဖို(ခ)အိုးဖောက်ကျေးရွာတွင် သင်္ဘောဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ ရသေ့တောင်မြို့နယ် အုတ်ဖို(ခ)အိုးဖောက်ကျေးရွာ၌ သင်္ဘောဆိပ်ခံတံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်က ရခိုင်ပြည်နယ်အစိုးရရဲ့အဖြေနဲ့ ကျွန်တော်ပေါင်းစပ်ပြီးတော့ ဖြေကြားရခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ရဲ့ကိုယ်စား တင်ပြထားတဲ့စာမှာတော့ ရသေ့တောင်မြို့နယ်၊ အုတ်ဖို(ခ)အိုးဖောက်ကျေးရွာသည် စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်သို့ သွားရာ ရေလမ်းကြောင်း၌တည်ရှိသော ကျေးရွာဖြစ်ပါသည်။ မေယုမြစ်ကမ်းဘေးတွင်တည်ရှိပြီး ရသေ့တောင်-ဘူးသီးတောင်သို့ ရေလမ်းခရီးဖြင့်သွားလာရာတွင် ပြည်တွင်းရေကြောင်းသင်္ဘောများ ခေတ္တရပ်နားသော နေရာတစ်ခုဖြစ်ပါသည်။ အုတ်ဖို(ခ)အိုးဖောက်ကျေးရွာတွင် ဦးမောင်တင်မြင့် ဦးဆောင်မှုဖြင့် ကျေးရွာသူကျေးရွာသားများ အလှူငွေထည့်ဝင်ပြီး ၂၀၁၃ ခုနှစ်တွင် ကိုယ်ထူကိုယ်ထ သစ်သားဆိပ်ခံတံတားအား တည်ဆောက်ခဲ့ကြပါသည်။ အဆိုပါသင်္ဘောဆိပ်ခံတံတားအား ၆၀ ပေ x ၁၄ ပေ x ၁၈ ပေ အတိုင်းအတာဖြင့် ကွန်ကရစ်ဆိပ်ခံတံတားအဖြစ် ပြုလုပ်မည်ဆိုပါက ခန့်မှန်းတန်ဖိုး ငွေကျပ် သန်း ၂၅၀ ကုန်ကျမည်ဖြစ်ပြီး ကျေးရွာပေါင်း ၄၀ ရွာတို့မှာ ၎င်းတံတားအား အသုံးပြုလျက်ရှိ

ပြီး အိမ်ခြေ ၅၃၂၄ အိမ်၊ လူဦးရေ ၃၁၁၃၄ ဦးတို့အား အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တင်ပြပါ ရသေ့တောင်မြို့နယ် အုတ်ဖို(ခ)အိုးဖောက်ကျေးရွာ၌ သဘော်ဆိပ်ခံတံတား တည်ဆောက်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားခဲ့သော်လည်း ဦးစားပေးအစီအစဉ်အရ ရန်ပုံငွေခွဲဝေရရှိမှုမရှိခဲ့ပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ဆိုပြီးတော့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကနေပြီးတော့ ပြောပါတယ်။ ဒီနေရာမှာ ကျွန်တော့်ဘက်ကလည်းပဲ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှာ ဒီ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဒီဟာကို ထည့်သွင်းနိုင်ခြင်းမရှိခဲ့ပါဘူး။ အဲ့ဒါကြောင့် ကျွန်တော့်အနေနဲ့ အရင်တစ်ကြိမ် အမျိုးသားလွှတ်တော်မှာလည်း ဖြေခဲ့တာဖြစ်ပါတယ်။ အခုလည်းပဲ ရခိုင်ပြည်နယ်နဲ့ သူ့ရဲ့ဖြေကြားချက်အတိုင်းပဲ ကျွန်တော်ဆက်လက်ပြီးတော့ ဖြေကြားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရရဲ့ရန်ပုံငွေ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှာ ထည့်သွင်းဆောင်ရွက်မည်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ဒီတစ်ခါတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ထည့်ဖြစ်အောင်ထည့်ဖို့ရာ ရခိုင်ပြည်နယ်အစိုးရနဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီးနဲ့ ညှိနှိုင်းသွားမှာဖြစ်ပြီးတော့ ကျွန်တော်တို့ဘက်ကလည်း လုပ်လို့ရသလောက် သို့မဟုတ် RE မှာပါခဲ့မယ်၊ ပေးနိုင်ခဲ့မယ်လို့ဆိုခဲ့ရင် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့တွင် တင်သွင်းခဲ့တဲ့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်

၁၁ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မချမ်းဘောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနန်မွန်ထင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားရေးရာနှင့် တိုင်းရင်းသား ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာအပေါ်မှာ ထောက်ခံအကြံပြုဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာကို လေ့လာကြည့် တဲ့အခါမှာ အပိုဒ် ၁၉ ပိုဒ်နှင့် ပြည့်ပြည့်စုံစုံရေးသားထားတာကို သိရှိရပါတယ်။ အစီရင်ခံစာမှာ အမျိုးသားရင်ကြားစေ့ရေးနှင့် အနာဂတ်နိုးနှောဖလှယ်ပွဲကြီးများမှာ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များက (၆၆)ကြိမ်ခန့်တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရှိရသဖြင့် ကြိုဆိုထောက်ခံပါတယ်။ ပြည်ပခရီးစဉ်၊ လေ့လာရေးနှင့် အစည်းအဝေးများသို့ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ အမေရိကန်နိုင်ငံများရှိ ဆွေးနွေးပွဲ များသို့လည်း ကော်မတီဝင်များအနေဖြင့် ပူးပေါင်းပါဝင်စေခြင်းအားဖြင့် ပြည်ပ၊ ဗဟုသုတ၊ အတွေ့အကြုံများကြွယ်ဝလာပြီး မိမိနိုင်ငံသို့ပြန်လည်ရောက်ရှိတဲ့အခါမှာ ပြန်လည်ရှင်းပြပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ထို့အပြင် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ အနေဖြင့် အင်္ဂလန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ နော်ဝေးနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ပညာရှင် များနှင့် (၇)ကြိမ်ခန့်ဆွေးနွေးခဲ့ပြီး အမြင်ချင်းဖလှယ်မှုများ ပြုလုပ်ခဲ့ကြောင်း အစီရင်ခံစာမှာ တွေ့ရှိ ရသဖြင့် ကြိုဆိုထောက်ခံပါတယ်။ အစီရင်ခံစာအပေါ်မှာ ပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ဖွဲ့စည်းတဲ့အခါမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းသင့်ကြောင်း ကျွန်တော် အကြံပြုလိုပါတယ်။ ယခုအစီရင်ခံစာ မှာ ကော်မတီဖွဲ့စည်းတဲ့အခါမှာ မွန်တိုင်းရင်းသားလူမျိုးများမပါဝင်ကြောင်း သိရှိရပါတယ်။ ဒါကြောင့် နောင်အခါမှာ ကော်မတီဖွဲ့တဲ့အခါမှာ မွန်တိုင်းရင်းသားလူမျိုးများ ပါဝင်ထည့်ပေးသင့်ကြောင်း အကြံ ပြုလိုပါတယ်။ ယခုအချိန်ဟာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံကို တည်ထောင်ရန် ကြိုးစားအားထုတ်နေတဲ့အချိန်ဖြစ်တဲ့အတွက် တိုင်းရင်းသားလူမျိုးများရဲ့ ရင်တွင်းစကားသံများ လက်တွေ့ကြားရအောင် ကော်မတီများအနေဖြင့် တိုင်းရင်းသားများနေထိုင်ရာဒေသများသို့လည်းပဲ တစ်ခါတလေ လေ့လာရေးအဖြစ်သွားရောက်သင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီး

ခင်ဗျား။ နိဂုံးအနေဖြင့် တင်ပြလိုတာကတော့ ပြည်တွင်းငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မြဲမြဲတည်ဆောက်ကြရအောင်လို့ အကြံပြုရင်း နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုလိုပါတယ်။ ကျွန်တော်ကတော့ လဟယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်ဖြစ်ပြီး တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာအပေါ်မှာ နာဂတိုင်းရင်းသားတစ်ဦးအနေနဲ့ ကော်မတီရဲ့လုပ်ဆောင်မှုတွေပိုမိုအားကောင်းလာစေပြီး တိုင်းရင်းသားပြည်သူများ ပိုမိုအကျိုးခံစားလာစေရန်ရည်ရွယ်ချက်ဖြင့် အပြုသဘောဆောင်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဆုံးဆွေးနွေးလိုတာကတော့ ကော်မတီရဲ့တာဝန်ရှစ်ခုအနက် အပိုဒ်(က)နှင့် အပိုဒ်(င)ဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စပဲဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ကော်မတီဥက္ကဋ္ဌတစ်ဦးသာ UPDJC နှင့် NRPC တို့မှာ အဖွဲ့ဝင်အဖြစ် ပါဝင်လုပ်ဆောင်နေကြောင်း ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာအကြိုဆွေးနွေးခြင်းနှင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေမှာ အကြံပေးပုဂ္ဂိုလ်အဖြစ် ပါဝင်ဆောင်ရွက်ကြောင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ အစည်းအဝေးတွေမှာတော့ ကော်မတီဝင်တွေကို လေ့လာသူများအဖြစ် ပါဝင်နိုင်အောင် ဆောင်ရွက်ပေးထားကြောင်းကိုလည်း တွေ့ရှိရပေမဲ့ အပိုဒ်(င)နှင့်ပတ်သက်တဲ့လုပ်ဆောင်မှုတွေ ကော်မတီအနေနဲ့အစီရင်ခံစာမှာ ဖော်ပြထားတာမတွေ့ရှိရပါဘူး။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အပြုသဘောဆောင်ဆွေးနွေးလိုတာကတော့ ကော်မတီအနေနဲ့ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းတွေတိုက်ရိုက်မလုပ်နိုင်သည့်တိုင်အောင် လက်နက်ကိုင်အဖွဲ့အစည်းများရှိကြတဲ့ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်နှင့် ကော်မတီဝင်များကတစ်ဆင့် အစိုးရရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မူဘောင်လမ်းကြောင်းအတွင်းကနေ ဆက်စပ်တဲ့အဖွဲ့အစည်းတွေကို စည်းရုံးတွေ့ဆုံဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေး

လမ်းစဉ်နှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးခြင်းတွေ ပြုလုပ်ပေးနိုင်မယ်ဆိုရင်တော့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ပိုမိုအားကောင်းလာနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဥပမာ ကျွန်တော်တို့ နာဂလက်နက် ကိုင်နှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပါဝင်လာနိုင်ဖို့နဲ့ အစိုးရရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွေကို ရှင်းလင်းဆွေးနွေးဖို့၊ ပေါင်းစပ်ညှိနှိုင်းဖို့ ယခင်လွှတ်တော်သက်တမ်းတုန်းကတော့ နာဂ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ အမျိုးသားလွှတ်တော်က တစ်ဦးနှင့် ပြည်သူ့လွှတ်တော်က တစ်ဦးကို သီးသန့်တာဝန်ပေးထားကြောင်း လေ့လာသိရှိရပါတယ်။

ဒီလို သီးသန့်တာဝန်ပေးထားတဲ့အတွက်လည်း နာဂလက်နက်ကိုင်အဖွဲ့အနေနဲ့ ၂၀၁၂ ခုနှစ်မှာ တိုင်းဒေသကြီးအဆင့်နှင့် အပစ်ရပ်လက်မှတ်ထိုးနိုင်ခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်မှာ ကျင်းပတဲ့ NCA လက်မှတ်ရေးထိုးတဲ့အခါမှာလည်း လေ့လာသူအဖြစ် ပါဝင်တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်နဲ့ပတ်သက်ပြီး ပေါင်းစပ်ညှိနှိုင်းတွေ့ဆုံဆွေးနွေးနိုင်ခွင့်တာဝန်တွေ ပေးအပ်ထားတာမရှိခဲ့ပါဘူး။ ဒါကြောင့် ဒီအချက်နှင့်ပတ်သက်ပြီး အကြံပြုလိုတာကတော့ လက်နက်ကိုင်အဖွဲ့အစည်းရှိတဲ့ဒေသမှာ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်နဲ့ပတ်သက်ပြီး တာဝန်နှင့်မူဘောင်အတွင်းမှ တရားဝင်တွန်းအားပေးစည်းရုံးခြင်း၊ ပေါင်းစပ်ညှိနှိုင်း ပါဝင်ဆောင်ရွက်ခွင့်များရရှိရန်အတွက် ကြိုးစားဆောင်ရွက်သင့်တယ်လို့ အကြံပြုလိုပါတယ်။ ဒီ့အပြင် ငြိမ်းချမ်းရေးနှင့်ပတ်သက်တဲ့ကော်မတီရဲ့ သုံးသပ်အကြံပြုချက်သုံးချက်ကိုလည်း ကြိုဆိုထောက်ခံ ပါကြောင်း ပြောကြားလိုပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ကော်မတီရဲ့တာဝန် အပိုဒ်(ခ)နှင့်ပတ်သက်ပြီး အစီရင်ခံစာမှာ တစ်စုံတစ်ရာဆောင်ရွက်ထားကြောင်း ဖော်ပြထားတာ မတွေ့ရှိရပါဘူး။ ဒါကြောင့် လာမယ့် အချိန်ကာလမှာ ကော်မတီအနေနဲ့ ကွယ်ပျောက်လုနီးပါးဖြစ်နေတဲ့ အချို့သောတိုင်းရင်းသားတို့ရဲ့ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာတို့နှင့်သက်ဆိုင်တဲ့ သက်ဆိုင်ရာမျိုးနွယ်စုများ၊ ဝန်ကြီးဌာနများနဲ့ ချိတ်ဆက်ပြီး ဖွံ့ဖြိုးတိုးတက်လာအောင် ကူညီဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုလိုပါတယ်။ တတိယအချက်အနေနဲ့ကတော့ ကော်မတီရဲ့ဆုံးဖြတ်ချက်ပေါင်း ၄၀ ခုရှိကြောင်း အစီရင်ခံစာမှာ ဖော်ပြထားတာတွေ့ရပေမဲ့ မည်သည့်ကိစ္စအကြောင်းအရာနှင့်စပ်လျဉ်းပြီးတော့ ဆွေးနွေးဆုံးဖြတ်တယ် ဆိုတဲ့အချက်တွေကို မပါဝင်ထားပါဘူး။ ဒါကြောင့် နောင်မှာ ကော်မတီရဲ့လုပ်ဆောင်ချက်များ ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ပြည်သူများအလွယ်တကူသိရှိနားလည်စေရန် ပူးတွဲဇယားဖြင့်

ဘယ်ကိစ္စရပ်၊ ဘယ်အကြောင်းအရာတွေကို ဆွေးနွေးပြီးတော့ ဆုံးဖြတ်ထားပါတယ်ဆိုတဲ့ ခေါင်းစီးပိုင်း လေးဖော်ပြထားရင် ပိုမိုပြည့်စုံမယ်လို့ သုံးသပ်အကြံပြုလိုပါတယ်။

နောက်တစ်ချက်ဆွေးနွေးလိုတာကတော့ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရန် ကူညီဆောင်ရွက်ရမယ်လို့ ကော်မတီရဲ့တာဝန်မှာ ဖော်ပြထားတာ တွေ့ရပါတယ်။ သို့သော် ကော်မတီရဲ့ အစီရင်ခံစာမှာ ဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးမှုတစ်ကြိမ်သာ ပြုလုပ်ထား ကြောင်း ဖော်ပြထားပါတယ်။ တကယ်တော့ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ ဒေသရဲ့လူမှုစီးပွားကိစ္စတွေ ဆွေးနွေးညှိနှိုင်းမယ်ဆိုရင် ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ တစ်ကြိမ်ထက်မက တွေ့ဆုံဆွေးနွေးတိုင်ပင် အဖြေရှာသင့်တယ်လို့ အကြံပြုသုံးသပ်လိုပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ကော်မတီအနေနဲ့ ဖွံ့ဖြိုး တိုးတက်မှုနည်းပါးတဲ့ဒေသက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး လူမှု စီးပွားဘုံအခက်အခဲတွေကို စုစည်းပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ တွေ့ဆုံညှိနှိုင်းအဖြေရှာပေး မယ်ဆိုရင်တော့ တိုင်းရင်းသားပြည်သူလူထုအတွက် ပိုပြီးတော့ ထိရောက်နိုင်တယ်လို့ သုံးသပ်အကြံ ပြုလိုပါတယ်။ ကော်မတီရဲ့သုံးသပ်အကြံပြုချက်အပိုဒ်(ဃ)မှာ ကော်မတီအနေဖြင့် လွှတ်တော် အတွင်းရှိ ပါတီအသီးသီးမှ ကိုယ်စားလှယ်များအချင်းချင်း ပိုမိုချစ်ခင်ရင်းနှီးမှုရှိစေရန် တိုးမြှင့် ဖော်ဆောင်ပေးခြင်းဖြင့် လွှတ်တော်ရေးရာအခန်းကဏ္ဍကို ပိုမိုအားကောင်းမြင့်တင်စေနိုင်ကြောင်း အကြံပြုထားတာကို တွေ့ရှိရပါတယ်။ ဒီအကြံပြုချက်ဟာ အင်မတန်မှကောင်းမွန်တယ်လို့ ထင်မြင်မိ ပါတယ်။ တကယ်လို့ ကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များအကြား တိုင်းရင်းသား အသီးသီးရဲ့ ရိုးရာယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းတွေကို လေးစားအသိအမှတ်ပြုထိန်းသိမ်းရာ ရောက်တဲ့ Cultural Night ဒါမှမဟုတ်လည်း Cultural Events မျိုးကို ဦးဆောင်ကျင်းပပေး နိုင်အောင် စီစဉ်ဆောင်ရွက်ပေးမယ်ဆိုရင် ပိုမိုထိရောက်နိုင်ပါတယ်လို့ အကြံပြုသုံးသပ်ရင်းနဲ့ ကျွန်တော်ရဲ့ဆွေးနွေးမှုကို နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းထူး(နမ့်ဆန်မဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ၊ နမ့်ဆန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထူး(ခ)ဦးမိုင်းဝင်းထူး ဖြစ်ပါတယ်။ တိုင်းရင်းသားရေးရာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီရဲ့ အစီရင်ခံစာ

ကို အပြုသဘောနဲ့ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကော်မတီဟာ လက်ရှိပြည်တွင်းစစ်ဖြစ်နေတဲ့ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေနဲ့ ဖက်ဒရယ်ဒီမိုကရေစီစနစ်အတွက် စတင်နေတဲ့နိုင်ငံအတွက် တကယ်ပဲထားရှိသင့်တဲ့ကော်မတီတစ်ခုဖြစ်တယ်လို့ ပြောလိုပါတယ်။ တကယ်ပဲ ပြည်ထောင်စုကြီးခိုင်မာဖို့အတွက် မြေပြန့်တောင်ပေါ်မှာရှိနေတဲ့ဌာနီတိုင်းရင်းသားတွေရဲ့ အရေးကို စနစ်တကျနဲ့ ထိထိရောက်ရောက် လုပ်ပေးနိုင်မယ်ဆိုရင် ဒါငြိမ်းချမ်းရေးဖော်ဆောင်နိုင်ဖို့ အတွက် တစ်ဝက်နီးပါးအဆင်ပြေသွားပြီလို့ ကျွန်တော့်အနေနဲ့ပြောလိုပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာအရ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးမှာ တစ်နှစ်အတွင်းသူတို့ လုပ်ဆောင်ချက်တွေကို ကျွန်တော်တို့ ကြည့်ကြည့်မယ်ဆိုရင် ကော်မတီရဲ့အစီရင်ခံစာအပိုဒ် ၉ မှာ အစည်းအဝေး (၁၁)ကြိမ်ပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက် ၄၀ ခုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ လမ်းညွှန်ချက် ခြောက်ချက် တောင်းခံပြီးတော့မှ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းရေးရာဖော်ဆောင်မှု လုပ်ငန်းတွေကို လုပ်ဆောင်ခဲ့တယ်လို့ ဆိုထားပါတယ်။ ကော်မတီဥက္ကဋ္ဌဟာဆိုရင်ဖြင့်လည်း UPDJC နဲ့ NRPC မှာ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေတယ်လို့ အပိုဒ် ၁၄ မှာ ဖော်ပြထားတာကို လည်း တွေ့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားရေးရာနှင့် ပတ်သက်ပြီးတော့မှ အပိုဒ် ၁၀ မှာဖော်ပြ ထားတဲ့ အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်ပြုလုပ်ထားတယ်ဆိုတာ ကိုလည်းဖော်ပြထားတာတွေ့ရပါတယ်။ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် အဲဒီလှုပ်ရှားမှုတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိ ဖြစ်တည်မှုအခြေအနေနဲ့ ပြန်သုံးသပ်ကြည့်မယ်ဆိုရင် ဒါမျှတမှု၊ လုံလောက်မှုရှိတယ်လို့ ကျွန်တော်တို့ ပြောလို့မရပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားရေးရာဝန်ကြီးဌာနရှိနေပေမဲ့ ဝန်ကြီးဌာနအသစ်ဖြစ်နေတာ ကြောင့် အခုတစ်နှစ်ကျော်သည့်တိုင်အောင် တိကျတဲ့လုပ်ဆောင်မှုတွေကို မတွေ့ရသေးပါဘူး။ ဒါကြောင့် ကော်မတီတွေအနေနဲ့လည်း ဒီအပိုင်းမှာ ဘာမှဟုတ်တိပတ်တိရေရေရာရာ ဒီအစီရင်ခံစာထဲ မှာ ထည့်ရေးထားတာ ကျွန်တော်တို့ မတွေ့ရပါဘူး။ တောင်ပေါ်ဒေသ၊ ကုန်းမြင့်ဒေသမှာရှိတဲ့ ဌာနေ တိုင်းရင်းသားတွေဟာ မြေပြန့်ဒေသ ဌာနီတိုင်းရင်းသားတွေထက် အစစအရာရာနိမ့်ကျနေတာတွေ၊ ကိုယ်ပိုင်စာပေယဉ်ကျေးမှုတွေ မြှင့်တင်ဖို့လိုနေတာတွေဟာ ပြောမကုန်နိုင်လောက်အောင်ပဲရှိနေပေမဲ့ ကော်မတီအနေနဲ့ ဘာမှလှုပ်ရှားမှုမရှိသေးတဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို သူတို့ရဲ့သုံးသပ် ထား တဲ့သုံးသပ်ချက်(င)အတိုင်း အမှန်တကယ်တွန်းအားပေး လုပ်ဆောင်ပေးသင့်တယ်လို့ ကျွန်တော့် အနေနဲ့ ပြောချင်ပါတယ်။ ကော်မတီကလည်း ဝန်ကြီးဌာနနှင့် မကြာခဏတွေ့ဆုံပြီးတော့မှ အကြံပြု

တာမျိုး၊ တိုက်တွန်းတာမျိုးတွေ လုပ်သင့်ပါတယ်။ တိုင်းရင်းသားတွေကျေနပ်ရင်ပြီးရောဆိုပြီးတော့မှ ဝန်ကြီးဌာနဖွဲ့ထားတာမျိုး မဖြစ်သင့်ပါဘူး။ အမှန်တကယ် အလုပ်ဖြစ်တဲ့၊ အလုပ်လုပ်ပေးနိုင်တဲ့ ဝန်ကြီးဌာနတွေဖြစ်ဖို့ လုပ်ဆောင်ရန် လိုအပ်မှာဖြစ်ပါတယ်။ လွှတ်တော်ကော်မတီတွေဟာ လွှတ်တော် အားကောင်းလာရေးအတွက် လုပ်ဆောင်နေရတာဖြစ်တဲ့အတွက် ကော်မတီအသီးသီးဟာ လွှတ်တော် အငယ်စားလေးတွေဖြစ်တယ်လို့ လွှတ်တော်ဥက္ကဋ္ဌကမှာကြားတာ ကျွန်တော်ကြားဖူးပါတယ်။ ဒီအစီရင်ခံစာရဲ့ ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှုဆိုတဲ့ ခေါင်းစဉ်အောက်မှာရေးထားတဲ့ အပိုဒ် ၁၁၊ ၁၂၊ ၁၃၊ ၁၄ ကိုလေ့လာကြည့်တဲ့အခါမှာ အစောကပြောသလိုပဲ ကော်မတီဟာ လွှတ်တော် အငယ်စားလေးတွေဖြစ်တယ်လို့ပြောမယ်ဆိုရင် လွှတ်တော်အငယ်စားဖြစ်တဲ့ကော်မတီအဖွဲ့ဝင်တွေ ဟာ လွှတ်တော်ကိုယ်စားပြုပြီး ငြိမ်းချမ်းရေးညီလာခံမှာ ဦးဆောင်ပါဝင်လုပ်ဆောင်သင့်ပေမဲ့ (၂၁)ပင်လုံ ပထမအကြိမ်မှာ ပါဝင်ပတ်သက်မှုအနည်းငယ်ရှိတယ်။ ဒုတိယအကြိမ်မှာ ပါဝင်ပတ်သက် မှုနည်းနေတာကို ကျွန်တော်တို့ ဒီအစီရင်ခံစာမှာ ရေးထားတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ ဒီအစီရင်ခံစာမှာရေးထားတဲ့ သူတို့ရဲ့ပါဝင်လှုပ်ရှားမှု Participation ဟာလည်း နည်းနေသေးတယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ နောက်နောင်ကျင်းပမယ့် ငြိမ်းချမ်းရေးညီလာခံတွေမှာ လွှတ်တော် ကိုယ်စားပြုတက်ရောက်မယ့်သူတွေထက် ကော်မတီပူးပေါင်း ဆောင်ရွက်သင့်တယ်။ အဖွဲ့ဝင်တွေ ဟာလည်း လွှတ်တော်ကိုယ်စားပြုတက်ရောက်ဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့မြင်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာဆက်စပ်ပြီးတော့မှ NCA နဲ့ပတ်သက်တဲ့အကြောင်း လည်း ကျွန်တော် တစ်ပါတည်းဆွေးနွေးချင်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာအပိုဒ် ၁၄ မှာလည်း ရေးထားတာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ NCA လက်မှတ်ထိုးထားတဲ့အဖွဲ့ ရှစ်ဖွဲ့ရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့မှ စောင့်ကြည့်ဖို့ Joint Monitoring Committee (JMC) ဆိုတာရှိပေမဲ့ လွှတ်တော်ဆိုဒ်ကနေပြီးတော့မှလည်း အပြန်အလှန်ထိန်းညှိဖို့လိုမယ်လို့ ကျွန်တော့်အနေနဲ့ထင်ပါ တယ်။ ကော်မတီရဲ့တာဝန်များခေါင်းစဉ်အောက်က အပိုဒ်ခွဲ(ဆ)မှာဖော်ပြထားတဲ့အတိုင်း ကော်မတီ အနေနဲ့ NCA အပေါ်မှာလက်မှတ်ထိုးထားတဲ့အဖွဲ့တွေ လေးစားလိုက်နာမှုရှိ/မရှိဆိုတာတွေ စောင့်ကြည့်ကူညီထိန်းညှိသင့်ပါတယ်။ NCA လက်မှတ်ထိုးထားတဲ့သူဟာ အဲဒီအတိုင်းမလိုက်နာဘဲ ချိုးဖောက်နေရင် ငြိမ်းချမ်းရေးလုပ်ငန်းတွေ ဘယ်လိုမှရှေ့ဆက်မသွားနိုင်ပါဘူး။ အထူးသဖြင့် ကျွန်တော်တို့ရှမ်းပြည်နယ်မှာဆိုရင် NCA လက်မှတ်မထိုးခင်က ပြဿနာမရှိဘူးတဲ့အဖွဲ့တွေ ဒေသခံ တိုင်းရင်းသားအချင်းချင်းဟာ လက်မှတ်ထိုးပြီးမှပဲ လူထုအပေါ်ပိုကနတ်တက်တာတွေ၊ ပိုဟန့်တားတာ

တွေ၊ အချင်းချင်းလက်နက်ကိုင်ပဋိပက္ခပိုဖြစ်လာတာတွေ ကျွန်တော်တို့ ပလောင်ဒေသမှာ တစ်ခါမှ မဖြစ်ဘူးတဲ့ အတူနေညီနောင်တိုင်းရင်းသားတွေနဲ့ လူမျိုးရေးအမြင်မကြည်မှုတွေ၊ တိုင်းရင်းသား အချင်းချင်းတိုက်ခိုက်မှုတွေ၊ အပြစ်မဲ့အရပ်သားပြည်သူတွေ သတ်ဖြတ်ညှင်းဆဲခံရတာတွေ၊ ခြိမ်းခြောက်ခံနေရတာတွေ၊ စားဝတ်နေရေးအတွက် ရိက္ခာတင်ပို့မှုကန့်သတ်ခံရတာတွေ၊ မိမိရဲ့ လက်ဖက်ခြံလုပ်ငန်း ကောင်းမွန်စွာလုပ်ခွင့်မရတာတွေ၊ ပညာရေးနဲ့ပတ်သက်ပြီးတော့မှလုပ်ဆောင်တဲ့ ရဟန်းသံဃာတွေနဲ့ လူပုဂ္ဂိုလ်တွေကို ဟန့်တားဖမ်းဆီးခံနေရတာတွေ၊ စာသင်ကျောင်းတွေ ပိတ်ခံရ တာတွေ စသဖြင့် အဲဒီဥစ္စာတွေ၊ ကိစ္စတွေအပြင် အခုသိပ်မကြာမီတုန်းကပဲ မောက်မယ်၊ ကဒူးကြီး ကျေးရွာဘက်မှာရှိတဲ့ ပအိုဝ်းလူမျိုးတွေ စစ်သားစုဆောင်းခံရတာတွေ၊ အဲဒါကြောင့်မို့ စစ်ပြေးရှောင် နေရတဲ့လူတွေ အဲဒီလိုပဲ ဒေသခံတိုင်းရင်းသားအချင်းချင်း ချစ်ခင်နေခဲ့တဲ့လူတွေဟာ လူမျိုးရေး ပဋိပက္ခအမုန်းပွားတဲ့ပုံစံမျိုးတွေဖြစ်လာတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီနေရာမှာ ဒီကော်မတီရဲ့ လုပ်ပိုင်ခွင့်ဖြစ်တဲ့ အပိုဒ်(ဇ)ထဲကလို တိုင်တဲ့သူမရှိလို့စောဒကတက်နိုင်ပေမဲ့ အပိုဒ်(က)မှာကတော့ တိုင်းရင်းသားရေးရာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီ ဆောင်ရွက်ပေးရမယ်လို့ ပြောထားတာဖြစ်တဲ့အတွက်ကြောင့် NCA လက်မှတ်ထိုးထားတဲ့အဖွဲ့တွေ၊ အဲဒီစာချုပ်ထဲမှာပါတဲ့အရပ်သားများကို ကာကွယ်ပေးခြင်းဆိုတဲ့ခေါင်းစဉ်အောက်က အပိုဒ် ၉ အပိုဒ်ခွဲ (က)ကနေ (ထ)အထိ ၁၇ ချက်လုံးကို လိုက်နာဖို့ အပစ်အခတ်ရပ်ဆဲထားတဲ့အဖွဲ့တွေအနေနဲ့ အရပ် သားတွေအပေါ် အကြောင်းမဲ့သတ်ဖြတ်ညှင်းဆဲတာမျိုး မဖြစ်အောင် လွှတ်တော်ကြီးကနေ ကောင်းမွန် ထိရောက်စွာစောင့်ကြည့်သတ်မှတ်ပေးနိုင်ဖို့ဆိုတာ လွှတ်တော်ငယ်ဖြစ်တဲ့ကော်မတီဟာ လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်မှုနဲ့အတူ အခုထက်ပိုပြီး ထိထိရောက်ရောက်လုပ်ဆောင်ပေးဖို့လိုပါတယ်။ ဒါမှ လည်း နောက်ဆက်တွဲပြဿနာတွေနည်းပြီး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး ထာဝရခိုင်မြဲမှာဖြစ်ပါတယ်။ အချုပ်အနေနဲ့ပြောရမယ်ဆိုရင်တော့ ဌာနေတိုင်းရင်းသားတွေရဲ့ အရေးအရာတွေကို ပိုမိုလုပ်ဆောင်နိုင်ဖို့၊ တိုင်းရင်းသားဝန်ကြီးဌာနကို မကြာခဏတွေ့ဆုံတိုက်တွန်း သင့်ပါတယ်။ ပြည်တွင်းပြည်ပ NGO၊ Cso၊ တစ်သီးပုဂ္ဂလပညာရှင်တွေနဲ့ ဌာနေတိုင်းရင်းသားများ အရေး ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းတွေကို ပိုမိုလုပ်ဆောင်သင့်ပါတယ်။ ထိထိရောက်ရောက် ဒီ့ထက် ပိုမိုပြီးတော့မှ အကြံဉာဏ်ပေးတာတွေလုပ်ဆောင်သင့်ပါတယ်လို့ အကြံပြုရင်း နိဂုံးချုပ်အပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ တိုင်းရင်းသားရေးရာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့အစီရင်ခံစာကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအစီရင်ခံစာဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကြီးမှာပေါ်ထွက်လာပြီးတော့ လွှတ်တော်ရဲ့ကိုယ်စား ငြိမ်းချမ်းရေးညီလာခံအဆင့်ဆင့်မှာ ကော်မတီရဲ့ရည်ရွယ်ချက်များအတိုင်း တက်ကြွစွာပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့တာသိရလို့ အထူးပဲဂုဏ်ယူကြိုဆိုပါကြောင်းနှင့် ကော်မတီဖွဲ့စည်းထားရာမှာ တပ်မတော်သားတစ်ဦးအပါအဝင် ပါတီစုံပါတီတို့က တိုင်းရင်းသားမျိုးစုံပါဝင်ပြီးတော့ ၁၈ ဦးနဲ့ဖွဲ့စည်းထားတာဟာ ပြည်ထောင်စုရဲ့မိသားစုအိမ်ကလေးနဲ့တူပါကြောင်း တင်စားပြောလိုပါတယ်။ သို့သော်လည်း ကော်မတီဝင်များ စုဝေးတွေ့ဆုံဆွေးနွေးတာကတော့ တစ်နှစ်အတွင်းမှာ (၁၁)ကြိမ်သာ ပြုလုပ်နိုင်တာကတော့ အလွန်အားနည်းတယ်လို့ ယူဆမိပါတယ်။ ကော်မတီဝင်တွေအချင်းချင်းတွေ့ဆုံဆွေးနွေးမှုကတစ်ဆင့် ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ရိုင်းပင်းမှုတွေကနေ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ငြိမ်းချမ်းရေး ပြည်သူတစ်ရပ်လုံးလိုလားတောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ကြီးစွာအထောက်အကူဖြစ်မယ်လို့ ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးများဟာ စားပွဲဝိုင်းမှာအကျေအလည်ဆွေးနွေးကြပြီးတော့ ပင်လုံစာချုပ်ချုပ်ဆိုကာ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာ နှစ် ၇၀ လုံးလုံး ပြည်တွင်းစစ်ဒဏ်၊ ဒုက္ခ၊ သုတ်ခတွေနဲ့ အဆိုးသံသရာကို လည်ခဲ့ရပါတယ်။ အရှည်ကြာဆုံးပြည်တွင်းစစ်ကြောင့်မို့လို့ ပြည်နယ်တွေမှာ ပိုမိုပြီးတော့ ထိခိုက်ခဲ့ရတယ်။ မြို့ရွာတွေပျက်စီးပြီးတော့ ကလေးငယ်တွေစာမသင်နိုင်၊ စစ်ဘေးဒုက္ခသည်တွေဖြစ်ကြ၊ ဒုက္ခမျိုးစုံခံစားရတာ ယနေ့တိုင် ရင်နင့်စွာတွေ့နေမြင်နေရတာပဲဖြစ်ပါတယ်။ တိုင်းပြည်ရဲ့တည်ငြိမ်မှု၊ ဖွံ့ဖြိုးမှုတွေနဲ့ စတေးခဲ့ရတဲ့ ဆင်းရဲနွမ်းပါးမှု၊ ငြိမ်းချမ်းမှုနွံထဲက အခုထိရုန်းကန်နေရဆဲဖြစ်ပါတယ်။ အခုချိန်ဟာ ခါးသီးတဲ့သမိုင်းကို သင်ခန်းစာယူပြီးတော့ တိုက်ခိုက်မှုတွေအားလုံးရပ်စဲကာ မတူညီမှုတွေကို စားပွဲဝိုင်းမှာတွေ့ဆုံဆွေးနွေး အဖြေရှာဖို့အချိန်တန်ပြီဖြစ်သလို အသင့်တော်အကောင်းမွန်ဆုံးကာလလို့လည်း ပြောလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရလက်ထက်က NCA လက်မှတ်ထိုးခြင်းနဲ့ အစပျိုးကြိုးစားခဲ့တဲ့ ငြိမ်းချမ်းရေးညီလာခံကနေ ယနေ့ ပြည်ထောင်စု

ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပပြီး ဖြစ်ပါတယ်။ ညီလာခံကြီးမှာ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှာကျင်းပခဲ့ပြီးတော့ အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ပေါ်ထွက်လာတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍပေါင်းစုံအချက် ၄၁ ချက်ကို တင်ပြဆွေးနွေးခဲ့ရာမှာ အကျေ အလည် ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ဆွေးနွေးငြင်းခုံကြပြီးတဲ့နောက်မှာ ၃၇ ချက်ကို သဘောတူခဲ့ကြပါတယ်။ အဲဒီသဘောတူညီချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းများအဖြစ် လက်မှတ်ရေးထိုးကမ္ပည်းတင်းနိုင်ခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကော်မတီရဲ့အစီရင်ခံစာပေါ်မှာ ဆွေးနွေးပါနော်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်ပြီးတော့ Power Point အသုံးပြုခွင့်ပြုပါ။ အဲဒီတော့ ဒီညီလာခံကြီးမှာ (၂၁)ရာစုပင်လုံညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းညွှန်ကြားခဲ့တာရှိပါတယ်။ မှတ်သားစရာအချို့ကို ကောက်နုတ်ဖော်ပြလိုပါတယ်။ ပထမအချက်မှာ ဒီကနေ့လက်မှတ်ရေးထိုးခဲ့တဲ့သဘောတူညီချက်တွေ ဟာ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖော်ဆောင်ရေး၊ လမ်းမကြီးပေါ်လျှောက်လှမ်းလိုက်တဲ့အရေးကြီးတဲ့ခြေလှမ်းဖြစ်တယ်လို့ ပြောပြီးတော့ နောက်တစ်ပိုဒ် မှာ တိုင်းရင်းသားပြည်သူတွေနှစ်ပေါင်းများစွာ မျှော်လင့်ခဲ့ရတဲ့ငြိမ်းချမ်းရေးအိပ်မက်တွေဟာ ပထမ ဆုံးအနေနဲ့ ကောက်ကြောင်းတွေစတင်ရေးဆွဲခဲ့ပြီလို့ ပြောခဲ့ပါတယ်။ ဒုတိယအချက်မှာတော့ ကျွန်မတို့ ဟာ မတူကွဲပြားမှုတွေကြားက စည်းလုံးညီညွတ်မှု ဘယ်လိုရယူနိုင်မလဲဆိုတာကို စတင်သင်ယူနိုင်ခဲ့ တယ်။ ကျွန်မတို့အားလုံးဟာ အတိတ်ရဲ့ဒဏ်ရာဒဏ်ချက်တွေ ကိုယ်စီ၊ ကိုယ်စီရှိကြပါတယ်။ ဒါပေမဲ့ ဒီကနေ့မှာတော့ ကျွန်မတို့အားလုံးဟာ ဒီဒဏ်ရာဒဏ်ချက်တွေကို နောင်လာမယ့်မျိုးဆက်သစ်တွေဆီ လက်ဆင့်ကမ်းလိုခြင်းမရှိတော့ဘဲ ကုစားနိုင်မည့်နည်းလမ်းတွေကို ရှာဖွေခဲ့တယ်လို့ ပြောခဲ့ပါတယ်။ တတိယအချက်မှာတော့ ငြိမ်းချမ်းရေးခရီးလမ်းမှာ ရှေ့ကိုမျှော် အနာဂတ်ကိုအာရုံပြုလို့ သွက်သွက် လက်လက်ဆက်လက်လျှောက်လှမ်းဖို့ တိုက်တွန်းချင်ပါတယ်။ ညီလာခံကြီးထဲမှာ မရောက်လာကြသေး တဲ့အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေကိုလည်း ကျွန်မတို့အတူတကွ လက်တွဲပူးပေါင်းပြီးတော့ သမိုင်း တွင်ကျန်ရစ်မယ့်လုပ်ငန်းကြီးမှာ ပါဝင်ကြဖို့ အလေးအနက်ဖိတ်ခေါ်ပါကြောင်း ပြောကြားလိုတယ်လို့ ပြောခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းရေးအောင်မြင်ဖို့ သော့ချက်နှစ်ချက်ကို တင်ပြချင်ပါတယ်။ အဲဒါတွေကတော့ ယုံကြည်မှုနဲ့တွေ့ဆုံဆွေးနွေးမှုပဲဖြစ်ပါတယ်။ ဒီကနေ့ငြိမ်းချမ်းရေးကိုဦးဆောင်နေတဲ့နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ အယုံကြည်ထိုက်ဆုံးပုဂ္ဂိုလ်ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးကလည်း သူမကို ယုံကြည်စွာပဲ အာဏာအပ်နှင်းထားပါတယ်။ ဒီကနေ့အခြေအနေအချိန်အခါဟာ ငြိမ်းချမ်းရေးအတွက် အမိအရဆုပ်ကိုင်ဖို့အကောင်းဆုံးအနေအထားပဲဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ တွေ့ဆုံဆွေးနွေးအဖြေရှာရေးပဲဖြစ်ပါတယ်။ ကမ္ဘာအရပ်ရပ်နိုင်ငံတွေမှာ တွေ့ဆုံဆွေးနွေးအဖြေရှာခဲ့လို့ ရလဒ်ကောင်းနမူနာတွေရှိခဲ့ပြီး ဖြစ်ပါတယ်။ အင်အားကိုသုံးတိုက်ခိုက်မှုတွေ၊ စစ်ပွဲတွေနဲ့လိုချင်တာမရနိုင်ဘူးဆိုတာကို နှစ်ပေါင်း ၇၀ သမိုင်းက သက်သေပြခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တစ်မျိုးသားလုံး အန္တိမရည်မှန်းချက်ဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးအတွက် လာမယ့် (၂၁)ရာစုပင်လုံဆွေးနွေးပွဲတွေကနေ ကိုယ်တိုင်ပါဝင်၍ အနာဂတ်ဖန်တီးရှင်များအဖြစ် ကြိုးစားဆောင်ရွက်ဖို့ တိုက်တွန်းရင်းနဲ့ ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ ပြောကြားလိုပါတယ်။ မအူပင်မဲဆန္ဒနယ်က ဦးစိန်ဝင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာအပေါ်မှာ ကျွန်တော့်အနေနဲ့ အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့တာဝန်ဟာ ရှစ်ချက်ရှိပြီးတော့ အမှတ်စဉ်(၄) နဲ့ အမှတ်စဉ်(၅) အချက်က အင်မတန်အရေးကြီးပြီးတော့ ယခုကာလမှာ တိုင်းရင်းသားရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်၍ အထူးအရေးကြီးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒီကော်မတီအစီရင်ခံစာမှာဆိုရင် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေထွက်ရှိပြီးဖြစ်သော်လည်း နည်းဥပဒေမထွက်ရှိသည့်အတွက် လက်တွေ့ဆောင်ရွက်မှုအားနည်းနေးကွေးလျက်ရှိပါကြောင်း ဝန်ခံထားသဖြင့် အမြန်ဆုံးဆောင်ရွက်သင့်ပါကြောင်း ထပ်မံအထူးအကြံပြုလိုပါတယ်။

စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးရရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားသလို ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အတူတကွပူးပေါင်းလုပ်ခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးကို တည်ထောင်နိုင်အောင် ဤကော်မတီအဖွဲ့ဝင်တွေက ကိုယ့်တိုင်းရင်းသား၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးချမှတ်ပြီးတော့ ပါဝင်တည့်မတ်ဆောင်ရွက်ပေးဖို့ လိုအပ်ပါသည်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ပထမအကြိမ် ငါးနှစ်သက်တမ်းအစိုးရလက်ထက်မှာ ပြည်ထောင်စု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးများရဲ့ ဖြတ်တောက်ဘဏ္ဍာငွေကို မဖွံ့ဖြိုးသေးသော တိုင်းရင်းသားဒေသများဖြစ်သည့်ပြည်နယ်များတွင် ဖြည့်စွက်ပေးသည်ကို လေ့လာတွေ့ရှိရပါတယ်။ သို့သော် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရေးဆွဲတဲ့ဘတ်ဂျက်မှာတော့ တစ်ပြေးညီ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေကို ပြည်ထောင်စု စသည်ဖြင့် တစ်ပြေးညီဖြတ်တောက်ပြီးတော့ တိုင်းရင်းသားဒေသများတွင် အချိုးကျဖြတ်တောက်ခြင်းသည် မဖွံ့ဖြိုးသေးသော တိုင်းရင်းသားဒေသအတွက် စဉ်းစားဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ သို့မှသာ ဝေးလံခေါင်းပါးသောဒေသများရဲ့ဖွံ့ဖြိုးမှုကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်သည်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံအစည်းအဝေးမှာ အစည်းအဝေးများ စဉ်ဆက်မပြတ်ကျင်းပပြုလုပ်နိုင်ရန် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပြင် ဤကော်မတီအနေဖြင့် ဒေသအလိုက် ငြိမ်းချမ်းရေးအထောက်အကူပြုဆွေးနွေးပွဲများ ပိုမိုပြုလုပ်နိုင်အောင် တာဝန်ပေးဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိပါတယ်။ တိုင်းရင်းသားရေးရာ ပြဿနာများဖြေရှင်းမှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် စည်းလုံးညီညွတ်မှုရှိလာစေပြီး ယုံကြည်မှုကို ပိုမိုရရှိစေပါတယ်။ ဒီကော်မတီမှာ အဖွဲ့ဝင်များကို တန်ဖိုးထားပြီးတော့ တိုင်းရင်းသားအလိုက် ငြိမ်းချမ်းရေးအထောက်အကူပြုလုပ်ငန်းများတာဝန်ခံဆောင်ရွက်နိုင်ရန် အထူးစီမံချက်များ သီးသန့်ရေးဆွဲတာဝန်ပေးသင့်ပါကြောင်း အထူးအကြံပြုလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့သုံးသပ်ချက်က ငါးချက်တွေ့ရပါတယ်။ အဲဒီငါးချက်လုံးကို ကျွန်တော် အထူးထောက်ခံပါတယ်။ အထူးသဖြင့် ပဋိပက္ခများအား ဖြေရှင်းရာတွင်

လွှတ်တော်ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီဝင်များတာဝန်နှင့် ဆောင်ရွက်ခွင့်မူဘောင်အတွင်း စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲမှုစွမ်းရည်ဖြင့် တွန်းအားပေး၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုရရှိစေပါတယ်ဆိုတဲ့အချက်ကိုလည်း အထူး ထောက်ခံအပ်ပါတယ်။ NCA မူဘောင်အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် လူမျိုး အလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် နိုင်ငံရေးဆွေးနွေးပွဲများတွင် လွှတ်တော်ကိုယ်စားလှယ် များ ထဲထဲဝင်ဝင်ပါဝင်ကူညီဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးပြုဖြစ်ထွန်းသော အချက်ကိုလည်း အထူးထောက်ခံအပ်ပါတယ်။ ငြိမ်းချမ်းရေးညီလာခံတွင် ဒီကော်မတီဝင်များအားလုံး သက်ဆိုင်ရာအလိုက် ပါဝင်ခွင့်ရရှိစေခြင်းသည် ငြိမ်းချမ်းရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်သော အချက်ကိုလည်း အထူးအလေးထားဆောင်ရွက်သင့်ပါကြောင်း ထောက်ခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ အစီအစဉ်မှ ပြည်နယ်များအတွင်းရှိ မြို့နယ်များအား အထူးဦးစားပေးပြီးတော့ ပိုမိုသုံးစွဲခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို အတူတကွပူးပေါင်းဆောင်ရွက်နိုင်သော အထူးရန်ပုံငွေ ချမှတ်ဆောင်ရွက်ပေးသင့်ပါကြောင်း ကော်မတီ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု ပိုမိုကျယ်ပြန့်ဆောင်ရွက်စေသော အခြေအနေကောင်း များ ဖန်တီးဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုရင်း ကော်မတီရဲ့အစီရင်ခံစာအပေါ် အထူး ထောက်ခံအပ်ပါကြောင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဘားအံ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ ကျွန်မ ဆွေးနွေး အကြံပြုသွားမယ့်အကြောင်းအရာကတော့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာအမှတ်(၁/၂၀၁၇)ပဲ ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာမှာ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ဥပဒေ ကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၈)ဖြင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ ပြီးတော့ အခန်းကိုးခန်းလည်း ပါဝင်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်

ရှောက်တဲ့ဥပဒေ အခန်း(၃) ပုဒ်မ ၄ ပုဒ်မခွဲ(ဇ)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသော လူဦးရေရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးတွေမှာ မိမိတို့ကိုယ်စားလှယ်များ ပါဝင်နိုင်အောင် ဆောင်ရွက်ခွင့်ရှိတယ်လို့လည်း ဆိုထားပါတယ်။ ပုဒ်မ ၄ ပုဒ်မခွဲ(ဈ)အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဥပဒေပြုရေးတွင် ကိုယ်စားလှယ်ပါဝင်ခွင့်ရရှိတဲ့ တိုင်းရင်းသားလူမျိုးဖြစ်ရင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်ချုပ်ခွင့်ရစီရင်စုအုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်တွေအရ ကော်မတီအနေနဲ့တော့ သက်ဆိုင်ရာတိုင်းရင်းသားမျိုးနွယ်စုများက သတ်မှတ်တဲ့လူဦးရေရရှိဖို့ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးတော့ ဥပဒေပြုရေးကိုယ်စားလှယ်တွေ ရရှိအောင်၊ ပါဝင်လာအောင် ဆောင်ရွက်မယ်ဆိုရင် တိုင်းရင်းသားတွေရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သလို ဥပဒေကြီးကိုလည်း အသက်ဝင်အောင် ဆောင်ရွက်ရမှာဖြစ်တယ်လို့ အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ဥပဒေရဲ့ အခန်း(၄) ပုဒ်မ ၆ မှာတော့ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်နှင့် ဖွဲ့စည်းရမယ်လို့ ပါရှိပါတယ်။ မြန်မာနိုင်ငံမှာ ဝန်ကြီးဌာနပေါင်း ၂၂ ခုထဲမှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ယခုအစိုးရလက်ထက်မှာ စတင်ထားရှိတာဖြစ်လို့ ဒီဝန်ကြီးဌာနကိုလည်း အခြားဝန်ကြီးဌာနများနည်းတူ အားကောင်းစွာရပ်တည်ဖို့နဲ့ ကော်မတီအနေနဲ့ကတော့ မိမိရဲ့တာဝန်ပိုင်းတွေဘက်ကနေ စောင့်ကြည့်၊ ထိန်းညှိ၊ ကူညီပေးဖို့လည်း အကြံပြုအပ်ပါတယ်။ ဒါ့အပြင် အခုအစိုးရဟာဆိုရင် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးရဲ့ အကျိုးစီးပွားကိုဖော်ဆောင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရဖို့ အထူးကြိုးစားနေတာကလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံရဲ့ ဒုတိယအစည်းအဝေးကနေပြီးတော့ နိုင်ငံရေးကဏ္ဍမူဝါဒ ၁၂ ချက်၊ စီးပွားရေးကဏ္ဍမူဝါဒ ၁၁ ချက်၊ လူမှုရေးဆိုင်ရာမူဝါဒ လေးချက်၊ နေရာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာမူဝါဒ ၁၀ ချက် စုစုပေါင်း သဘောတူညီချက် ၃၇ ချက်ကို အတည်ပြုခဲ့ပါတယ်။ ဒီလိုအတည်ပြုထားတဲ့ သဘောတူညီချက်တွေကို ပြည်ထောင်စုရဲ့ သဘောတူစာချုပ် အစိတ်အပိုင်းတစ်ရပ်အဖြစ်နဲ့လည်း လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါတယ်။ ဒါတွေ

ဟာ တိုင်းရင်းသားလူမျိုးတွေရဲ့ မျှော်မှန်းလျက်ရှိတဲ့ ငြိမ်းချမ်းရေးအသီးအပွင့်တွေလည်းဖြစ်လို့ ကော်မတီအနေနဲ့ကတော့ ပြည်ထောင်စုလွှတ်တော်ကနေပြီး မှတ်တမ်းတင်အသိအမှတ်ပြုဖို့အတွက် ဆောင်ရွက်ပေးသင့်ပါကြောင်းလည်း အကြံပြုအပ်ပါတယ်။ ကော်မတီအနေနဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကိုလည်း အားကောင်းပြီးတော့ တိုင်းရင်းသားအရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့နဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွေ အောင်မြင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ဖို့ ကော်မတီမှာ တာဝန်ရှိတဲ့အပိုင်းတွေကို ကြိုးစားဆောင်ရွက်သင့်ပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီရဲ့ တစ်နှစ်ပြည့်အစီရင်ခံစာကို အပြုသဘောနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကော်မတီဖွဲ့စည်းခြင်းရဲ့ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်၊ တာဝန်နဲ့ လုပ်ပိုင်ခွင့်များဟာ အင်မတန်မှ ကောင်းမြတ်ပါတယ်။ သို့ပေမဲ့ ကော်မတီရဲ့ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အားနည်းနေတာတွေ တွေ့ရှိရပါတယ်။ ဥပမာ တိုင်းရင်းသားများရဲ့ မိခင်စာပေ သင်ကြားခြင်းနှင့်ပတ်သက်ပြီး ယခုလက်ရှိ မြန်မာနိုင်ငံမှာ တိုင်းရင်းသားစာပေကို ကျောင်းချိန် မှာ သင်ကြားခြင်းကို ခွင့်မပြုဘဲနဲ့ ကျောင်းချိန်ပြင်ပမှာ သင်ကြားရပါတယ်။ ကျောင်းချိန်ပြင်ပမှာ သင်ကြားရတဲ့အတွက်ကြောင့် ဆရာဆရာမများဟာ သီးသန့်အချိန်ပေးရတဲ့အတွက်ကြောင့် သင်ကြားမှုအပိုင်းမှာ စိတ်ဝင်စားမှုအားနည်းပြီး ကျောင်းသားများကလည်း အဲဒီစာသင်တဲ့နေရာမှာ အင်မတန်မှ စိတ်ဝင်စားမှုအားနည်းနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် တိုင်းရင်းသားစာပေကို ကျောင်းချိန် မှာ သင်ကြားခွင့်ပြုရန် ကော်မတီအနေနဲ့ စာတမ်းများပြုစုပြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ အိန္ဒိယနိုင်ငံ မီဇိုရမ်၊ မဏိပူရ်၊ နာဂလန်းပြည်နယ်တို့မှာ တိုင်းရင်းသားဘာသာနဲ့ Subject အားလုံးကို တက္ကသိုလ်အထိ သင်ကြားခွင့်ရရှိနေတာတွေကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း နောင်မှ ဖက်ဒရယ်ပြည်ထောင်စုဖော်ဆောင်မှာဖြစ်တဲ့အတွက်ကြောင့် တကယ့်တက္ကသိုလ်အဆင့်တွေမှာအထိ သင်ကြားနိုင်အောင် အခုကတည်းကနေ၊ ဒီကော်မတီ

ကနေ အမြော်အမြင်ရှိရှိနဲ့ကြိုးစားပြီးမှ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်သင့်ပါတယ်။ ဖွံ့ဖြိုးရေး ကဏ္ဍမှာလည်းပဲ ဒီနေ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီးမှ တိုင်းရင်းသားဒေသများဟာ မြေပြန့်ဒေသတွေ၊ ပြည်မဒေသတွေထက် အင်မတန်မှ ခက်ခဲပါသေးတယ်။ ယခုဘတ်ဂျက်ခွဲဝေတဲ့ နေရာတွေမှာလည်း တိုးတက်ပြီးနေရာနဲ့ တိုင်းရင်းသားတွေ ဒါကိုအညီအမျှခွဲဝေနေတာ တွေ့ရပါ တယ်။ အမှန်က ခက်ခဲတဲ့နေရာတွေကို အထူးဦးစားပေးပြီးတော့မှ ပိုပြီးလုပ်ဆောင်ပေးသင့်ပါတယ်။ ဥပမာ ပြည်မမှာက ကျေးရွာတွေမှာတောင် ကတ္တရာလမ်း၊ မီးလင်းနေတဲ့အချိန်မှာ ကျွန်တော်တို့ တိုင်းရင်းသားဒေသ တချို့နေရာမှာ မြို့တစ်မြို့နဲ့တောင်မှ ဆက်သွယ်သွားလာနိုင်ဖို့ မြေသားလမ်း တောင်ကောင်းကောင်းမရှိ၊ မပေါက်တဲ့ အနေအထားတွေအထိရှိပါသေးတယ်။ ကျေးရွာများမှာ ကားလမ်းမပြောနဲ့၊ ဆိုင်ကယ်လမ်းတောင်မှ ကောင်းကောင်းမပေါက်တဲ့ နေရာတွေများစွာ ရှိပါသေး တယ်။ လျှပ်စစ်မီးရရှိရေးဆိုတာလည်း ထိုနည်းလည်းကောင်းပါပဲ။ ဒီနှစ်ဆိုရင် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက လမ်းတံတားများ လုံးဝနီးနီး ရန်ပုံငွေမပေးတော့တဲ့အတွက် အောက်ခြေမှာ လျာထားခဲ့တဲ့ လမ်းတံတားများ လုံးဝမပါတော့ပါဘူး။ ဒီလိုမပါလာတဲ့အခါမှာ တိုင်းရင်းသားများရဲ့ ဆင်းရဲမှုကို ဆွဲဆန့်လိုက်သလို ဖြစ်တဲ့အတွက်ကြောင့် ဖွံ့ဖြိုးမှုကိုလည်း ပိုပြီးမှနှောင့်နှေးစေပါတယ်။ ဒီနေရာမှာ ဒီကော်မတီအနေနဲ့ တိုင်းရင်းသားများရဲ့ဒေသလိုအပ်ချက်များကို လေ့လာပြီးမှ နိုင်ငံတော်အစိုးရကို နည်းလမ်းမျိုးစုံနဲ့ တိုက်တွန်းအကြံပေးတာမျိုးကို ဆောင်ရွက်သင့်ပါတယ်။

ထို့အပြင် တိုင်းရင်းသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊ ဒီဥပဒေကိုလည်း အမြန်ဆုံးကျင့်သုံးနိုင်ရေးအတွက် နည်းဥပဒေအမြန်ဆုံးထွက်ရှိနိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီး ဌာနကို တွန်းအားပေးသင့်ပါတယ်။ ယခု ၂၁ ရာစုပင်လုံညီလာခံမှာ ကော်မတီဥက္ကဋ္ဌအား NRPC မှာ အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရသော်လည်း ကော်မတီအနေဖြင့် စာတမ်းတစ်စုံတစ်ရာတင်သွင်းခြင်းမျိုးကို မတွေ့ရပါဘူး။ အမှန်မှာတော့ ကော်မတီအနေနဲ့ ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေမယ့် စာတမ်းများကို စနစ်တကျပြုစုပြီး လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်ကို ရယူပြီးတော့ တင်သွင်းသင့်ပါ တယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ တိုင်းရင်းသားများကို အဓိကခြိမ်းခြောက်နေတာကတော့ ရေရှည် ရပ်တည်ရှင်သန်ခွင့်ဖြစ်ပါတယ်။ စာပေယဉ်ကျေးမှုများ တဖြည်းဖြည်းပျောက်ကွယ်လာခြင်းဟာ တိုင်းရင်းသားများရဲ့ရေရှည်ရပ်တည်မှုကို များစွာခြိမ်းခြောက်နေပါတယ်။ လူသားတိုင်းဟာ မိခင် ဘာသာစကား၊ ယဉ်ကျေးမှုကို မြတ်နိုးသူများဖြစ်ကြပါတယ်။ လူဦးရေများပြားတဲ့ လူမျိုးစုကနေ လူနည်းစုနေထိုင်ရာဒေသများကို ပျံ့နှံ့နေရာယူလာတဲ့အခါမှာ လူမျိုးငယ်များရဲ့ဘာသာစကားအပေါ်

မှာ လွှမ်းမိုးလာပြီး ဘာသာစကားပျောက်ကွယ်ရာမှ လူမျိုးပါပျောက်ကွယ်တဲ့အထိ ရှိခဲ့သည့်သမိုင်းသက်သေအထောက်အထားများစွာရှိပါတယ်။ ထို့ကြောင့် လူမျိုးငယ်များ ရေရှည်တည်တံ့နိုင်ရေး အစိုးရက ကာကွယ်စောင့်ရှောက်ပေးရမှာ တာဝန်ရှိပါတယ်။ အဲဒီလို အစိုးရက တာဝန်ယူနိုင်ဖို့ရန် ကော်မတီအနေနဲ့ နည်းလမ်းများရှာဖွေပြီး တင်ပြမှုများဆောင်ရွက်သင့်ပါတယ်။ ဥပမာ-အိန္ဒိယနိုင်ငံမှာဆိုရင်တော့ North-East State ဆိုတဲ့ ပြည်နယ်ခုနစ်ပြည်နယ်ရှိပါတယ်။ အဲဒီပြည်နယ် ခုနစ်ပြည်နယ်က တိုင်းရင်းသားလူမျိုးနွယ်စုဖြစ်တဲ့အတွက်ကြောင့် ဟိန္ဒူလူမျိုးလူများစုက မလွှမ်းမိုးနိုင်အောင် အဲဒီပြည်နယ်တွေမှာ ဟိန္ဒူလူများစုနေထိုင်ခွင့်၊ သွားလာခွင့်တွေက အကန့်အသတ်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာကိုက ဖော်ပြထားတာကို တွေ့ရပါတယ်။ နောက်ပြီးတော့ ပြည်တွင်းစစ်ကြောင့် စစ်ပြေးရှောင်ကိစ္စမှာ မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများကို လိုအပ်တယ်ဆိုရင်တော့ ဥက္ကဋ္ဌကြီးကို ခွင့်တောင်းပြီးမှ ကွင်းဆင်းဆောင်ရွက်မှုများလုပ်ပြီးမှ နိုင်ငံတော်အစိုးရထံမှာ အခြေအနေအမှန်ကို တင်ပြဆောင်ရွက်တာမျိုး ဆောင်ရွက်သင့်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျံဆန်မိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလုံဂျံဆန်မိုင်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလုံဂျံဆန်မိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာနှင့်ပတ်သက်ပြီး ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။ အစီရင်ခံစာ မှာ ကော်မတီရဲ့ တစ်နှစ်တာအတွင်းလှုပ်ရှားဆောင်ရွက်သမျှကို အတတ်နိုင်ဆုံးပြည့်စုံအောင် ဖော်ပြထားတာကို တွေ့ရပါတယ်။ အခုကျွန်တော်ဆွေးနွေးမှာကတော့ အစီရင်ခံစာရဲ့ ကော်မတီ၏တာဝန်များခေါင်းစဉ်အောက်က အပိုဒ် ၇ အပိုဒ်ခွဲ(က)နဲ့ အပိုဒ်ခွဲ(င)ကိုအခြေပြုပြီး အပြုသဘော ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ အပိုဒ်(က)မှာ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမယ်လို့ဆိုထားပြီး အပိုဒ်(င)မှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြဆောင်ရွက်ရမယ် လို့ဆိုထားတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့လွှတ်တော်ရဲ့တာဝန်ဟာ

ဥပဒေပြုဖို့နဲ့ အစိုးရကိုထိန်းကျောင်းဖို့ဖြစ်ပါတယ်။ ဥပဒေပြုတယ်ဆိုတာ အစိုးရကလုပ်ဆောင်ရမယ့် လုပ်ငန်းများနဲ့ စည်းမျဉ်း၊ စည်းကမ်းများကို မူဘောင်ချမှတ်ပေးခြင်း ဖြစ်ပါတယ်။ အစိုးရနဲ့ပြည်သူကို ဆက်စပ်ပေးခြင်း၊ တာဝန် နှင့်လုပ်ပိုင်ခွင့်များ၊ ဝတ္တရားများကို လမ်းညွှန်သတ်မှတ်ပေးခြင်း ဖြစ်ပါတယ်။ အစိုးရရဲ့ကောင်းမွန် သောဆောင်ရွက်ချက်များကို ထောက်ခံကာကွယ်ပေးခြင်း၊ အားနည်းချက်များကို လွှတ်တော်မှာ ဆွေးနွေးထောက်ပြခြင်း လုပ်ရပါတယ်။ ဒါဟာ အစိုးရကို ထိန်းကျောင်းခြင်းဖြစ်ပါတယ်။ မဲဆန္ဒနယ်တစ်ခုကို ကိုယ်စားပြုပြီး လွှတ်တော်မှာဆုံစည်းရောက်ရှိနေခြင်းဟာ မိမိကိုယ်စားပြုသည့် ဒေသယူနစ်ကို လွှတ်တော်နှင့်ပေါင်းကူးပေးဖို့နဲ့ ချိတ်ဆက်ပေါင်းစပ်ပေးခြင်းဖြစ်ပါတယ်။ မိမိ မဲဆန္ဒနယ်တစ်ခုရဲ့ ပြည်သူတွေကိုကိုယ်စားပြုပြီး လွှတ်တော်မှာ တစ်တိုင်းပြည်လုံးရဲ့ ကံကြမ္မာကို စုပေါင်းစဉ်းစား ဆွေးနွေးအဖြေရှာနေကြတာဖြစ်ပါတယ်။ ရေးရာကော်မတီတွေဟာ လွှတ်တော်ရဲ့ အင်္ဂါရပ်အစိတ်အပိုင်း အထူးပြုဘာသာရပ်၊ အထူးပြုတာဝန်တွေကို ခွဲဝေထမ်းဆောင်တာဖြစ်ပါတယ်။ ရေးရာကော်မတီထဲမှာလည်း ကိုယ်စားလှယ်တစ်ဦးချင်းရဲ့ အထူးပြုတာဝန်တွေရှိနိုင်ပါတယ်။ ဤအထူးပြုဘာသာရပ်တွေ မည်၍မည်မျှ အသက်ဝင်လှုပ်ရှားတယ်၊ တာဝန်ကျေပွန်တယ်ဆိုတာ ကျွန်တော်တို့လွှတ်တော်ရဲ့ အောင်မြင်မှုအတိုင်းအတာကို ဖော်ပြခြင်းပဲဖြစ်ပါတယ်။ အနှစ် ၇၀ နီးပါး ပြည်တွင်းစစ်အဆုံးမသတ်နိုင်သေးတဲ့ လူမျိုးရေးပြဿနာတွေရှုပ်ထွေးနေတဲ့ ကျွန်တော်တို့ရဲ့တိုင်းပြည်မှာ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ လုပ်ငန်းတာဝန်ဟာ လေးနက်ကျယ်ပြန့်လှပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ လုပ်ငန်းတာဝန်တွေကို ဖော်ဆောင်နိုင်ဖို့ အခွင့်အရေးနဲ့တာဝန်တွေရှိပါတယ်။ အခြေခံဥပဒေနှင့် လွှတ်တော်နည်းဥပဒေ ရဲ့မူဘောင်အောက် လွှတ်တော်ဥက္ကဋ္ဌရဲ့ဦးဆောင်လမ်းညွှန်မှုအောက်မှာ မြေပြင်မှာလက်တွေ့ဖြစ်နေတဲ့ စစ်ပွဲရဲ့ရလဒ်တွေကြောင့် ပြည်သူတွေနစ်နာဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင်၊ ပြဿနာတွေကို စစ်ပွဲနဲ့မဟုတ်ဘဲ ဖြေရှင်းတဲ့ နည်းလမ်းတွေကို အဖြေရှာခြင်း၊ စေ့စပ်ခြင်းကို လျှော့ချနေရတဲ့အတွက် သက်ဆိုင်ရာတွေနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းများ ပြုလုပ်သင့်ပါတယ်။ ဥပမာ- အခုလောလော ဆယ် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်မှာဖြစ်နေတဲ့ တိုက်ပွဲတွေ၊ စစ်ဆင်ရေးတွေနဲ့ပတ်သက်ပြီး တပ်မတော်ရဲ့စစ်ဆင်ရေးလုပ်ငန်းတွေမှာ မစွက်ဖက်သည့်လမ်းကြောင်း၊ အုပ်ချုပ်ရေးလမ်းလုပ်ငန်း တွေမှာ မစွက်ဖက်တဲ့လမ်းကြောင်းကနေပြီး ပြည်သူတွေမနစ်နာအောင် သို့တည်းမဟုတ် နစ်နာမှု နည်းနိုင်သမျှနည်းအောင် နည်းလမ်းရှာသင့်တယ်လို့ ထင်ပါတယ်။ တနိုင်းမြို့နယ်က ပရင်းမော်၊ ရွှေမော်တွေဟာ မြန်မာနိုင်ငံအနှံ့အပြားက လက်လုပ်လက်စားတွေ၊ အသေးစားစီးပွားရေးလုပ်ငန်းရှင်

တွေ စုပြုံရောက်ရှိလုပ်ကိုင်နေကြတဲ့နေရာဖြစ်ပါတယ်။ ကချင်ပြည်နယ်ဒေသခံတို့ဆိုတာ ၁၀ ရာခိုင်နှုန်းတောင် ပြည့်မယ်မထင်ပါ။ ကျွန်တော်တို့တိုင်းပြည်ရဲ့မဖြေရှင်းနိုင်သေးတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေရဲ့ ဖော်ပြချက်တစ်စိတ်တစ်ပိုင်းတစ်ခုအဖြစ် နားလည်လက်ခံကြမှာ ဖြစ်ပါတယ်။ အမှန်တကယ် အကန့်အသတ်တစ်ခုကိုကျော်လွန်တဲ့ တိုက်ပွဲစစ်ရေးတွေဖြစ်လာရင် သိန်းသန်းချီတဲ့ ကျွန်တော်တို့ပြည်သူတွေ အလုပ်အကိုင်မဲ့ဖြစ်သွားနိုင်ပါတယ်။ အိမ်ထောင်စုလေးသောင်း၊ ငါးသောင်းလောက် ဘဝပျက်သွားနိုင်ပါတယ်။ ထို့ကြောင့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအနေဖြင့် တပ်မတော်ရဲ့ စစ်ဆင်ရေးကိစ္စတွေမှာ မစွက်ဖက်တဲ့လမ်းကြောင်းမှနေပြီး တနိုင်းမြို့နယ်ရှိ စစ်ဆင်ရေးနယ်မြေမှ ပြည်သူတွေနစ်နာမှု နည်းနိုင်သမျှနည်းအောင် အဖြေရှာညှိနှိုင်းသင့်တယ်လို့ လေးစားစွာအကြံပြုလိုပါတယ်။ သက်ဆိုင်သူတွေအနေနဲ့လည်း ဒီအချိန်မှာတစ်နိုင်ငံလုံးရှိပြည်သူတွေက လိုလားတောင့်တနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးကို ဦးထိပ်ထား၍ ထိန်းထိန်းသိမ်းသိမ်းလည်းလုပ်ကြပါလို့ လေးစားစွာ ပန်ကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးဌေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးဌေး(ကော့ကရိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါခင်ဗျား။ ကရင်ပြည်နယ်၊ ကော့ကရိတ်မဲဆန္ဒနယ် ကျွန်တော်ဦးစိုးဌေးက တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးကော်မတီအစီရင်ခံစာအပေါ် အကြံပြုထောက်ခံဆွေးနွေးသွားပါမယ်။ အစီရင်ခံစာအပိုဒ် ၄၊ အပိုဒ် ၅ ပါ ကော်မတီဖွဲ့စည်းပုံနှင့်ပတ်သက်လို့ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂ ဦး ပေါင်း ၁၈ ဦး၊ လေ့လာသူ နှစ်ဦးနဲ့ ဖွဲ့စည်းထားတာကို သုံးသပ်တဲ့အခါ တိုင်းရင်းသားဒေသများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်ကကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းထားတာကို တွေ့ရတဲ့အတွက် ထောက်ခံကြိုဆိုပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုတက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးမှ ကော်မတီဝင်မဟုတ်တဲ့ ကျန်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာသူအဖြစ်တိုးချဲ့ဖွဲ့စည်းသင့်ကြောင်း အကြံပြုအပ်ပါတယ်။ ဖြစ်နိုင်လျှင် အမျိုးသားလွှတ်တော်က ကော်မတီနဲ့ပူးပေါင်းပြီး တိုင်းရင်းသားရေးရာပူးပေါင်းကော်မတီဖွဲ့စည်းသင့်ပါတယ်။ အစီရင်ခံအပိုဒ် ၁၈ လေ့လာရေးခရီးစဉ်နှင့်ပတ်သက်၍ ပြည်ပနိုင်ငံလေးနိုင်ငံကို ကော်မတီဝင်လေးဦးသွားရောက်နိုင်ခဲ့ကြောင်းသိရတဲ့အတွက် ထောက်ခံကြိုဆိုပါတယ်။ ပြည်ပနိုင်ငံများသာမက ပြည်တွင်းတိုင်းရင်းသားဒေသတွေကို လေ့လာရေးသွားရောက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ အစီရင်ခံစာ

အပိုဒ် ၂၁ ကော်မီကစိစစ်တဲ့ဥပဒေကိုးခုနဲ့ တိုင်းရင်းသားတွေနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ဥပဒေနှစ်ခု ပါဝင်တဲ့အတွက် ထောက်ခံကြိုဆိုပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တိုင်းရင်းသားတွေ စိတ်ဝင်စားတဲ့ဥပဒေတစ်ခုဖြစ်တဲ့အတွက်ကြောင့် စိစစ်တဲ့ဥပဒေစာရင်းမှာ ပါဝင်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် နိုင်ငံရေးပါတီ၊ ပါဝင်သင့်ပါဝင်ထိုက်သူများအဖွဲ့ဆိုပြီးတော့ ကိုယ်စားလှယ် ၇၀၀ ဦးနဲ့ လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးတက်ရောက်ခွင့်ရပါတယ်။ အဖွဲ့ဝင် ၁၅ ဦးစီပါတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနဲ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒရေးဆိုတဲ့ လုပ်ငန်းကော်မတီငါးခုဟာ မိမိတို့နဲ့ သက်ဆိုင်တဲ့ဘာသာရပ်ကိုဆွေးနွေးပြီး သဘောတူတဲ့အကြံပြုချက်၊ အဆိုပြုချက်တွေကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီမှတစ်ဆင့် ညီလာခံကိုတင်ပြရကြောင်း သိရပါတယ်။ လုပ်ငန်းကော်မတီငါးခုဟာ ညီလာခံကျင်းပချိန်အတွင်း နှစ်ရက်၊ သုံးရက်သာဆွေးနွေးကြရတဲ့အတွက် သဘောတူညီချက်အားလုံးကိုရဖို့ အခက်အခဲရှိနိုင်ပါတယ်။

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံလုပ်ငန်းကော်မတီအဖွဲ့တွင် တိုင်းရင်းသား၊ နိုင်ငံရေးပါတီ၊ တပ်မတော်၊ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တာကြောင့် (၂၁)ရာစုပင်လုံအကြိုဆွေးနွေးတဲ့ သဘော၊ ဘာသာရပ်အားလုံးကို လွှတ်တော်နားချိန်မှာလေ့လာပြီး လွှတ်တော်ကျင်းပချိန်မှာ အကျေအလည်ဆွေးနွေးညှိနိုင်းအဖြေရှာနိုင်ပါတယ်။ ဆွေးနွေးရရှိချက်တွေကို (၂၁)ရာစုပင်လုံကို အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ သို့ပါ၍ ဖွဲ့စည်းပုံမှာ လေ့လာသူများကို တိုးချဲ့ဖွဲ့စည်းရေး၊ တိုင်းရင်းသားဒေသတွေကိုလေ့လာရေး၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို စိစစ်ရေးကို ဆောင်ရွက်သွားရန်အကြံပြုချက်သုံးချက်နှင့်အတူ အစီရင်ခံစာကို ကြိုဆိုထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းကိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။

**မူကြမ်း**

ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်က တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီရဲ့လုပ်ငန်းဆောင်ရွက်မှုတစ်နှစ်ပြည့်အစီရင်ခံစာအပေါ် အပြုသဘောဆောင်ကာ သုံးသပ်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံအတူယှဉ်တွဲနေထိုင်လျက်ရှိတဲ့ တိုင်းပြည်တစ်ခုဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအချင်းချင်းကြား ချစ်ကြည်စည်းလုံးညီညွတ်ရေး၊ ရည်ရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ချ၊ လက်ချ ဆောင်ရွက်နိုင်ပြီး ခေတ်မီတိုးတက်တဲ့နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ရာစုနှစ်တစ်ဝက်ကျော်ကြာ ပြည်တွင်းစစ်ဖြစ်ပွားနေရခြင်းရဲ့အရင်းအမြစ်ကို ဆန်းစစ်ကြည့်တဲ့အခါ တိုင်းရင်းသားရေးပြဿနာဟာ အဓိကနေရာကနေ ပါဝင်လျက်ရှိနေတယ်ဆိုတာကို တွေ့မြင်နေရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုတစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးဟာ တိုင်းရင်းသားအချင်းချင်းချစ်ခင်စည်းလုံးမှုအပေါ်မှာ များစွာမူတည်သလို တိုင်းရင်းသားတွေရဲ့ သဘောဆန္ဒကို အလေးမပေးတဲ့ မူဝါဒနဲ့ခိုင်မာတဲ့ပြည်ထောင်စုကြီးကို တည်ဆောက်လို့မရနိုင်ဘူးဆိုတာ ထင်ရှားပါတယ်။ ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ လွတ်လပ်၍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ ညီညွတ်မှုအင်အားနဲ့သာလျှင် ထိန်းသိမ်းဖော်ဆောင်နိုင်မယ်ဆိုတာကို ကျွန်တော့်အနေနဲ့ စွဲမြဲစွာယုံကြည်ထားပါတယ်။ ယနေ့အချိန်ကာလဟာ နိုင်ငံတော်အနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးခရီးကို ဖြတ်သန်းနေသလို အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် နည်းလမ်းရှာဖွေဖြေရှင်းနေကြရတဲ့အချိန်အခါဖြစ်ပါတယ်။ ဒီလိုမျိုးအစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများဟာ ပြဿနာပြေလည်ရေးအတွက် ဝိုင်းဝန်းအဖြေရှာကြတဲ့နေရာမှာ လွှတ်တော်ဘက်ကလည်း တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားဖို့ အရေးကြီးပါတယ်။ လွှတ်တော်က ဖွဲ့စည်းထားတဲ့တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအဖွဲ့အနေနဲ့လည်း အရေးပါတဲ့အခန်းကဏ္ဍမျိုးကနေ ဒီထက်မက ဦးဆောင်ပါဝင်ဆောင်ရွက်နေကြဖို့ လိုအပ်တယ်လို့ ရိုးသားစွာထင်မြင်ယူဆပါတယ်။ ဒီနေ့ တိုင်းပြည်ရဲ့အဓိကပြဿနာဟာ တိုင်းရင်းသားအရေးဖြစ်ပါတယ်။ တိုင်းရင်းသားအရေးပြေလည်အောင် မဖြေရှင်းနိုင်သရွေ့ ပြည်တွင်းငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မှာမဟုတ်ပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးမဖော်ဆောင်နိုင်သရွေ့ လက်နက်ကိုင်ပဋိပက္ခငြိမ်းချမ်းရေးဟာ မမျှော်လင့်နိုင်ပါဘူး။

ဒီလိုပြဿနာကို လက်တွေ့ကျကျချဉ်းကပ်ပြီး ဖြေရှင်းနိုင်ခဲ့ခြင်းမရှိခဲ့တဲ့အတွက်ကြောင့် တိုင်းရင်းသား ပြဿနာဟာ တစ်နေ့တခြား ပိုမိုရှုပ်ထွေးနက်နဲလာပြီး တိုင်းပြည်ဟာလည်းပဲ Fail State အဖြစ်သို့ ဦးဆောင်လာနေတယ်ဆိုတာကို ပညာရှင်တွေက ထောက်ပြနေကြပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအရေးကြီးတဲ့ အခန်းကဏ္ဍကိုဆောင်ရွက်နေတဲ့ တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှု ဖော်ဆောင်မှုကော်မတီအနေနဲ့ ကော်မတီအဖြစ် အမည်ခံရပ်တည်နေရုံမျိုးမဖြစ်စေဘဲ တိုင်းပြည်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမယ့် ကော်မတီတစ်ရပ်အဖြစ် ထိုးထွင်းကြံဆပုံဖော်ကာ လွှတ်တော်စင်မြင့်၊ လွှတ်တော်အခန်းကဏ္ဍကနေ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ဖို့အတွက်ကိုလည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ ဒါ့အပြင် ပြည်တွင်း ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်တဲ့အခါ ကော်မတီရဲ့တာဝန်ထဲမှာပါရှိတဲ့အတိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဝင်နေတဲ့ အဆုံးအဖြတ်ပေးနိုင်မယ့်ပုဂ္ဂိုလ်များ၊ ခေါင်းဆောင်များ၊ သြဇာရှိသူ များ၊ Stake holder များကို ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းခြင်း၊ ပူးပေါင်းအကောင်အထည် ဖော် ဆောင်ရွက်ခြင်းစသည်တို့ကိုလည်း ကော်မတီအနေနဲ့ အားစိုက်ဆောင်ရွက်သွားသင့်တယ်လို့ ဒီနေရာကနေ အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင်။ ဒီနေ့ ကျွန်မ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဒီအစီရင်ခံစာကို မဆွေးနွေးခင်မှာ ကျွန်မတို့ အနာဂတ်မျိုးဆက်သစ်တွေအတွက် အကောင်းဆုံးနဲ့ အပေးသင့်ဆုံး အမွေဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးမှတစ်ဆင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးပဲဖြစ်တယ်လို့ ယုံကြည်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကော်မတီရဲ့အစီရင်ခံစာထဲ မှာ ကော်မတီရဲ့တာဝန်များကို လေ့လာကြည့်တဲ့အခါ အပိုဒ်(က)မှာ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။ အပိုဒ်(င) ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်ဟု တင်ပြထားတဲ့အတွက် တိုင်းပြည်တည်ဆောက်ရေး

မှာ ဒီကော်မတီရဲ့အရေးပါမှုဟာ အင်မတန်မှ အရေးကြီးတယ်ဆိုတာ သုံးသပ်ပြီးတော့မှ မိမိတို့ ကိုယ်စားလှယ် တစ်ဦးစီတစ်ဦးစီရဲ့ အရေးပါမှုကိုလည်း ပြန်လည်ရှုမြင်သုံးသပ်မိပါတယ်ရှင်။

ပထမဦးစွာ ကျွန်မတို့ယုံကြည်တဲ့ မျှော်လင့်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရဲ့ ပမာဏခြေလှမ်းတွေကို လှမ်းနိုင်အောင် အဘက်ဘက်က ထက်သန်တဲ့စိတ်ဆန္ဒတွေနဲ့ စိတ်ရှည်သည်းခံစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအားလုံး၊ NCA ကိုလက်မှတ်ထိုးပြီးသူများရော မထိုးပြီးသူများအားလုံးကို ကျွန်မတို့ ငြိမ်းချမ်းရေးကိုလိုလားတဲ့ ပြည်သူလူထုများကိုယ်စား ကျေးဇူးအထူးတင်ရှိပါတယ်ရှင့်။ ဒုတိယအချက်အနေနဲ့ ကော်မတီရဲ့သုံးသပ်အကြံပြုချက် အပိုဒ်(က)ကို လေ့လာတင်ပြချင်ပါတယ်။ ကျွန်မတို့ကော်မတီရဲ့ အပိုဒ်(က)မှာ ယခုအချိန်ကာလသည် ဒေသတိုင်းတွင် ပြည်သူလူထုများက ငြိမ်းချမ်းရေးရယူလိုသောဆန္ဒပြင်းပြသည့်အချိန်ဖြစ်၍ တိုင်းရင်းသားဒေသများ၌ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများအား ဖြေရှင်းရာတွင် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီဝင်များက တာဝန်နှင့်ဆောင်ရွက်ခွင့်မူဘောင်အတွင်း စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲမှု စွမ်းရည်ဖြင့် တွန်းအားပေး၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုများ ရရှိနိုင်ပါတယ်လို့ ဆိုတဲ့အချက်ကို အပြည့်အဝထောက်ခံပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ အားလုံးသိပြီးဖြစ်တဲ့အတိုင်း (၂၁)ရာစု ပင်လုံညီလာခံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးကို နှစ်ကြိမ်တိုင်တိုင်ကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီညီလာခံကြီးကျင်းပနိုင်ခြင်းဟာ NCA အရ နိုင်ငံရေးအရ နိုင်ငံရေးဆွေးနွေးမှုမူဘောင်တွေ ရေးဆွဲအတည်ပြုတယ်။ အမျိုးသားအဆင့်အလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက်၊ လူမျိုးစုအလိုက် ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာ ဆွေးနွေးချက်တွေကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးမှာ တင်ပြဆွေးနွေးတယ်။ ဒီတင်ပြဆွေးနွေးချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ကျွန်မတို့ ချုပ်ဆိုနိုင်ခဲ့တယ်။ ဒီပြည်ထောင်စုသဘောတူစာချုပ်ကို ချုပ်ဆိုပြီးရင် ပြည်ထောင်စုလွှတ်တော်မှာ တင်သွင်းပြီးတော့ အတည်ပြုချက်ယူရမှာဖြစ်ပါတယ်။ ဒီလိုအတည်ပြုချက်ယူထားတဲ့အချက်တွေကို ကျွန်မတို့ အကောင်အထည်ဖော်ပေးရမယ်ဆိုပြီးတော့မှ အပိုင်းငါးပိုင်းပါရှိတာဖြစ်ပါတယ်။ ဒီအဆင့်တိုင်း အဆင့်တိုင်းမှာ ကျွန်မတို့ကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍက အလွန်အင်မတန်အရေးကြီးတာကို တွေ့ရပါတယ်ရှင့်။

ကျွန်မအနေနဲ့လည်း အထူးအလေးအနက်ထားပြီးတင်ပြချင်တာကတော့ ကျွန်မတို့ မြန်မာနိုင်ငံရဲ့လက်ရှိပကတိဖြစ်စဉ်ထဲမှာ ကျွန်မတို့ ကယားပြည်နယ်လေးဟာ မြန်မာတစ်နိုင်ငံလုံးနဲ့ယှဉ်လိုက်မယ်

ဆိုရင် အသေးငယ်ဆုံးနဲ့ လူဦးရေအနည်းဆုံးပြည်နယ်လေးတစ်ခု ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်မတို့ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာတဲ့ ပြည်တွင်းစစ်မီးကြီးရဲ့ဆိုးမွေကို ခံစားခဲ့ရတဲ့ ပြည်နယ်တစ်ခုဖြစ်သလို လက်ရှိမှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခုနစ်ဖွဲ့ တည်ရှိရာ နေရာဖြစ်ပါတယ်။ ထိုအဖွဲ့အစည်းခုနစ်ဖွဲ့ထဲမှာ ခြောက်ဖွဲ့သောအဖွဲ့တွေဟာ အမျိုးမျိုးသောရပ်တည်မှုနှင့် ရပ်တည်ခဲ့ကြပေမဲ့ တစ်ဖွဲ့ဖြစ်တဲ့ KNPP (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)ကတော့ အခုအချိန်အထိ NCA ကိုလက်မှတ်မထိုးနိုင်ခဲ့သေးပေမဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တလျှောက်မှာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့အားလုံးဟာ အမိုးအကာအောက်မှာ ထိုက်သင့်တဲ့ ပြည့်စုံလုံလောက်မှုရှိတဲ့ နေထိုင်မှုနဲ့ နေထိုင်နိုင်ပေမဲ့ ကျွန်မတို့တောင်ပေါ်ဒေသအချို့မှာ စစ်ဒဏ်၊ စစ်ဘေးကို အလူးအလဲ ခံနေရတဲ့ ကျွန်မတို့ ညီ၊ အစ်ကို၊ မောင်နှမတွေ ရှိနေသေးတယ်ဆိုတာကို အမြဲသတိချပ်ရမှာဖြစ်ပါတယ်ရှင့်။ အလျဉ်းသင့်လို့ ကျွန်မတို့ တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရှားတောမဲဆန္ဒနယ်ဟာလည်း ၁၉၉၆ ခုနှစ် ဖြတ်လေးဖြတ်ရဲ့ဒဏ်ကို အလူးအလဲခံစားခဲ့ရတဲ့ မြို့လေးတစ်မြို့ဖြစ်ပါတယ်။ ယခုအချိန်အထိလည်း ကယားပြည်နယ်ထဲမှာဆိုရင် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနဲ့ နှောင့်နှေးမှုအနှေးဆုံး မြို့နယ်တစ်မြို့ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ကျွန်မတို့ကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍအရေးကြီးတယ်ဆိုတာကိုလည်း ပိုမိုထင်ဟပ်စေပါတယ်ရှင့်။ ကျွန်မတို့နေထိုင်ရာ ကျွန်မတို့ဒေသမှာရှိတဲ့ ဒေသနေလူထုကြီးက ငြိမ်းချမ်းရေးဖြစ်စဉ်ကို မျက်ခြေမပြတ်စောင့်ကြည့်လျက်ရှိပါတယ်။ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးပြီးဆုံးသွားတဲ့အချိန်မှာ UPDJC ကနေ တင်သွင်းလိုက်တဲ့ အချက် ၄၁ ချက်ကနေ ၃၇ ချက်ကို သဘောတူညီချက်ရရှိနိုင်တယ်။ ဒီအချက်တွေအပေါ်မှာ ဒေသခံလူထုရဲ့ မေးမြန်းဆွေးနွေးချက်တွေကို ကျွန်မတို့ပြန်လည်ဖြေရှင်းပေးရတာမျိုးရှိပါတယ်။ ဒီလိုဖြေရှင်းခဲ့တဲ့အခါမှာ တချို့သောလူတွေက ကျေနပ်မှုရရှိသလို၊ တချို့သောလူတွေကတော့ စိုးရိမ်ပူပန်မှုတွေရှိနေတာကို ကျွန်မတို့ ရင်နာစွာသိရှိရပါတယ်။ ဒီလိုစိုးရိမ်ပူပန်တွေ ဘာကြောင့်ရှိတာလဲ။ ကျွန်မတို့ စစ်ဘေး၊ စစ်ဒဏ်တွေဖြစ်ပြီး စစ်မက်ဖြစ်ပွားနေမှ ကျွန်မတို့စိုးရိမ်ရတာမဟုတ်ပါဘူး။ တစ်ချိန်တစ်ခါတုန်းက ခံစားခဲ့ရတဲ့ စိတ်ပိုင်းဒဏ်ရာခံစားမှုအရ ယခုလက်ရှိမှာလည်း လုံခြုံမှုမရသေးတဲ့အချိန်ကာလမှာ တစ်ချိန်ချိန် တစ်ခါခါမှာများ ငါတို့အရင်အချိန်ကလို ခံစားရဦးမလားဆိုတဲ့ စိုးရိမ်ပူပန်မှုများ ရှိနေသေးတဲ့ ဌာနေတိုင်းရင်းသားတွေရဲ့ဖြစ်စဉ်တွေဟာ ကျွန်မတို့အတွက် ရင်နာရတဲ့ ဖြစ်စဉ်တွေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ နိဂုံးချုပ်အနေနဲ့တင်ပြရမယ်ဆိုလို့ရှိရင်တော့ ကျွန်မတို့ကော်မတီရဲ့ သုံးသပ်အကြံပြုချက်ထဲမှာလည်း အပိုဒ်(ခ)မှာပါတဲ့ဟာက အခုနက ပြောတဲ့မူဘောင်အဆင့်ဆင့်တိုင်းမှာ ကျွန်မတို့ကိုယ်စားလှယ်တွေရဲ့ ဘယ်လောက်အရေးပါတယ်ဆိုတာကို ဖော်ပြထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ကော်မတီရဲ့အစီရင်ခံစာကို သုံးသပ်လိုက်တဲ့အခါမှာတော့ ဒီလောက်အရေးကြီးတဲ့ ကော်မတီရဲ့ ကော်မတီဝင်တိုင်းသည် ငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်တိုင်းမှာ အားလုံးပူးပေါင်းပါဝင်နိုင်တာကို မတွေ့ရသေးတဲ့အတွက်ကြောင့်မို့လို့ စိတ်မကောင်းပါဘူး။ ငြိမ်းချမ်းရေးပူးပေါင်းဆောင်ရွက်တဲ့အချိန်မှာ သူ့ရဲ့တာဝန်၊ သတ်မှတ်ချက်၊ စည်းမျဉ်းစည်းဘောင်ကနေပြီးတော့မှ ငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်တိုင်းမှာ ကော်မတီအနေနဲ့ တစ်တတ်တစ်အား ပါဝင်ဆောင်ရွက်ဖို့ လိုအပ်တယ်လို့ တိုက်တွန်းလိုပါတယ်။ ထို့အတူပဲ ကျွန်မတို့ ငြိမ်းချမ်းရေးလမ်းစဉ်မှတစ်ဆင့် ကျွန်မတို့လိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကြီးကို တည်ထောင်ဖို့အတွက် ခေါင်းဆောင်ကောင်းတစ်ယောက် ရှိနေပါတယ်။ ဒီခေါင်းဆောင်ကောင်းတစ်ယောက်လုပ်နိုင်ကိုင်နိုင်တဲ့အရွယ်မှာ ကျွန်မတို့ဟာ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်မျိုးဆက်သစ်တွေအတွက် ကောင်းသောအမွေတွေကို ပေးဆပ်နိုင်တဲ့ သမိုင်းကောင်းရေးသောသူများဖြစ်ကြပါစေလို့ ဆုတောင်းရင်း ကျွန်မတို့မြန်မာနိုင်ငံကြီး ငြိမ်းချမ်းပါစေရှင့်။ ကျေးဇူးအများကြီးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးအင်ထုံးခါးနော်ဆမ်(အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ်

က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ အတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုရဲ့အစီရင်ခံစာကို ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ကျွန်တော်တို့ လွှတ်တော်မှာ အစီရင်ခံတင်ပြခဲ့ပါတယ်။ ဒီအစီရင်ခံစာနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် အားလုံး ၁၁ ဦး ဒီနေ့ဆွေးနွေးတာ တွေ့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးက စိတ်အား ထက်သန်စွာ၊ စိတ်အားပါဝင်မှုများစွာနဲ့ ဆွေးနွေးထောက်ခံအကြံပြုပေးတဲ့အတွက် ကော်မတီရဲ့ ကိုယ်စား ကျွန်တော် အထူးပဲကျေးဇူးတင်ရှိပါကြောင်း ဒီနေရာကနေ ပြောလိုပါတယ်။ ဆက်လက်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကျွန်တော်တို့ကော်မတီရဲ့ အစီရင်ခံစာကို သဘောတူလက်ခံအတည်ပြု ပေးနိုင်ပါရန် လေးစားစွာ တင်ပြအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက် (တနင်္လာနေ့) နံနက်

၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့
## (၁၆.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ



ဦးကျော်အောင်လွင်
(စေတုတ္တရာ မဲဆန္ဒနယ်)



ဦးစိုင်းသီဟကျော်
(မိုင်းရယ် မဲဆန္ဒနယ်)



ဒေါက်တာစောနိုင်
(တောင်ဥက္ကလာပ မဲဆန္ဒနယ်)



ဦးမြင့်ဦး
(မကွေး မဲဆန္ဒနယ်)



ဦးခင်မောင်ဝင်း
(လမ်းမတော် မဲဆန္ဒနယ်)



ဒေါ်ခင်စောဝေ
(ရသေ့တောင် မဲဆန္ဒနယ်)



ဦးအောင်ထူး (ဒုဝန်ကြီး)
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန



ဦးသန့်စင်မောင် (ဝန်ကြီး)
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး
ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်